စက်မှုအလင်း ဂျာနယ်
Beacon of Industry
Vol.2, No.11 - June 30, 2017
www.industry.gov.mm
စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# သာဂရစက်မှုနယ်မြေရှိ စက်ရုံများအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) ရှိ Testing Shop တွင် အင်ဂျင်များအား လောင်စာဆီသက်သာစေရန်နှင့် စွမ်းရည်ပြည့်မီရန် စမ်းသပ်နေမှုကိုကြည့်ရှုစစ်ဆေးစဉ်။

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇွန်လ ၁၈ ရက်နေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ သာဂရစက်မှုနယ်မြေရှိ အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) သို့ရောက်ရှိပြီး စက်ရုံအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံပိုင်စက်ရုံအလုပ်ရုံများကို ပုဂ္ဂလိကသို့လွှဲပြောင်းလုပ်ကိုင်စေခြင်း (Privatization)၊ ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း (Public-Private-Partnership-PPP)၊ ပုဂ္ဂလိကနှင့်ဖက်စပ်ဆောင်ရွက်ခြင်း (Joint Venture-JV) စသည့်နည်းလမ်းတို့ဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ စက်ရုံရှိ စက်ပစ္စည်းများ အစဉ်အမြဲ ကောင်းမွန်နေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြဲတစေ ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ စာ – ၂

## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

စာ – ၃

## မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုဝန်းတိုင်သို့

ကိုကိုအောင် (စက်မှုဆေးဝါး)

"မြန်မာနိုင်ငံသည် မြွေများရှင်သန်ပေါက်ပွားရာ အပူပိုင်းဒေသတွင်း တည်ရှိပြီး လူအများစုမှာ ကျေးလက်ဒေသတွင်နေထိုင်ကြသဖြင့်အဆိပ်ရှိမြွေဆိုးအန္တရာယ်ကြောင့် နိုင်ငံသားများ အသက်မဆုံးရှုံးရန်အတွက် ပြည်တွင်း၌မြွေဆိပ်ဖြေဆေး လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုအပ်ပါသည်။"

စာ – ၄



နေပြည်တော်တွင် ၂၀၁၇-၂၀၁၈ ခုနှစ်၌ ဝန်ထမ်းအိမ်ရာ ၄၃ လုံး ဆောက်လုပ်သွားမည်

စာ – ၁၅

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

**မျက်နှာဖုံးမှ-**

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ စက်ရုံတာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများကို ကျောသားရင်သားမခွဲခြားဘဲ မိမိတို့၏မိသားစုများသဖွယ် စောင့်ရှောက်ပေးရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့်လုပ်ငန်းတာဝန်များကို အဂတိတရားကင်းကင်းဖြင့် ကျေကျေပွန်ပွန်ထမ်းဆောင်ရန်လိုကြောင်း၊ အသုံးစရိတ်များကိုလည်း ခြိုးခြံချွေတာကြရန်လိုကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး အထူးအလေးထားဆောင်ရွက်ရန် လမ်းညွှန်မှာကြားပြီး Testing Shop တွင် အင်ဂျင်များအား လောင်စာဆီသုံးစွဲမှုသက်သာစေရန်နှင့် စွမ်းရည်ပြည့်မီရန် စမ်းသပ်လျက်ရှိသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် **နည်းပညာသုတေသနဌာန**သို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အစိုးရသစ်တာဝန်ယူသည့်ဒုတိယနှစ်၌ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသည့် စွမ်းအင်ပမာဏကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ စွမ်းအင်မရှိလျှင် စက်မှုကဏ္ဍနှင့်လူနေမှုအဆင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်၍မရကြောင်း၊ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းပညာနှင့်လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများသည် နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လွန်စွာအရေးကြီးကြောင်း၊ သုတေသနဌာန ( R&D) တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများအနေဖြင့် စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် ဆန်းသစ်တီထွင်နေကြရမည်ဖြစ်ကြောင်း၊ ယခု နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် ပြည်ပမှအကူအညီများပေးရန် ကမ်းလှမ်းလျက်ရှိသဖြင့် အဆင်သင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ထားရှိရန်လိုကြောင်း၊ R&D ဌာနအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူအတွက် အကျိုးရှိမည့်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို ကြိုးစားဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် **အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ)** သို့ရောက်ရှိပြီး သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ပင်မစာသင်ဆောင်များ အကြီးစားပြုပြင်နေမှုအခြေအနေ၊ သင်တန်းသား/သင်တန်းသူများအတွက် သန့်စင်ခန်းများဆောက်လုပ်လျက်ရှိသည့်အခြေအနေနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အဆောက်အဦများအား သတ်မှတ်စံချိန်စံညွှန်းများအတိုင်း စနစ်တကျစစ်ဆေးပြီးမှသာ လွှဲပြောင်းလက်ခံရန်လိုကြောင်း၊ သင်တန်းသားများအား အခြေခံနည်းစနစ်ကျွမ်းကျင်မှုရှိအောင် သင်ကြားပေးရန်လိုကြောင်း၊ လုပ်ငန်းခွင်တွင် အမှန်တကယ် ပြန်လည်အသုံးချနိုင်သည့်ဘာသာရပ်များကို လက်တွေ့ကျကျ သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ Upgrade ပြုလုပ်ပေးရန်လိုကြောင်း၊ သင်တန်းနည်းပြဆရာ/ဆရာမများအနေဖြင့် သင်တန်းသားများကို လေ့ကျင့်သင်ကြားပေးနေသလို တစ်ဖက်ကလည်း မိမိ

**စာမျက်နှာ ၃ သို့ -**



**အမှတ် (၂၆) အကြီးစားစက်ရုံ (သာဂရ) ရှိ Assembly Shop တွင် တာဘိုင်ငယ်များ စမ်းသပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။**

# လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများရှင်းလင်းဆွေးနွေးပွဲကို ဇွန်လ ၂၀ ရက်နေ့၊ နေ့လယ် ၁ နာရီခွဲက နေပြည်တော်၊ ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက လူ့အခွင့်အရေးဆိုင်ရာအခြေခံအယူအဆများနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ ကလေးသူငယ်ဆိုင်ရာအခွင့်အရေး၊ အမျိုးသမီးများနှင့် ကိုယ်ဝန်ဆောင်မိခင်အခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာများအား အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းဆွေးနွေးပြောကြားသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ အမြဲတမ်းအတွင်းဝန်နှင့်ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ စုစုပေါင်း ၂၀၀ ဦး တက်ရောက်လေ့လာခဲ့ကြသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို နိုင်ငံတော်သမ္မတရုံး၏အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် (၂၄. ၉. ၂၀၁၄) ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါဥက္ကဋ္ဌ ဦးဝင်းမြ၊ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်တို့ပါဝင်သော အဖွဲ့ဝင် ၇ ဦးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

လူ့အခွင့်အရေးချိုးဖောက်ခြင်းခံရသော နစ်နာသူများအနေဖြင့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌထံသို့ လိပ်မူ၍ စာတိုက်မှမှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ Fax ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ email address- protection@mnhrc.org.mm သို့ဖြစ်စေ ပေးပို့တိုင်တန်းနိုင်ကြပြီး တိုင်တန်းချက်သည် မှန်ကန်စွာရေးသားဖော်ပြခြင်းဖြစ်ကြောင်း ဝန်ခံချက်နှင့်အတူ တိုင်တန်းသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြပေးပို့ရန်လိုအပ်ကြောင်း သိရသည်။ ❑



# Ambulance ယာဉ် ထုတ်လုပ်နိုင်ရေး ကြည့်ရှုလေ့လာ

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇွန်လ ၂၃ ရက်နေ့ နံနက်က နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ကုတင်-၁၀၀၀) အရေးပေါ်လူနာဌာနသို့သွားရောက်၍ ဆေးရုံကြီးတွင်လက်ရှိအသုံးပြုလျက်ရှိသော လူနာတင်ယာဉ် (Ambulance) များကို ကြည့်ရှုလေ့လာပြီး စက်မှုဝန်ကြီးဌာနအနေဖြင့် Ambulance ယာဉ်များ တပ်ဆင်ထုတ်လုပ်ရာတွင် လက်တွေ့အသုံးချနိုင်ရန် လိုအပ်ချက်များအား ဆေးရုံမှဆရာဝန်ကြီးများထံမှ အကြံပြုချက်များရယူခဲ့သည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် လေ့လာတွေ့ရှိချက်များ၊ အကြံပြုချက်များအားအခြေခံ၍ Ambulance ယာဉ်များ တပ်ဆင်ထုတ်လုပ်နိုင်ရေးကို စမ်းသပ်တီထွင်ဆောင်ရွက်လျက်ရှိရာ မကြာမီတွင်ဈေးနှုန်းချိုသာ၍ လက်တွေ့အသုံးဝင်သော လူနာတင်ယာဉ်များကို စက်ရုံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအတွက် ထုတ်လုပ်ပေးရန် စီစဉ်လျက်ရှိကြောင်းသိရှိရသည်။



မျက်နှာဖုံးမှ-

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံသံအမတ်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် မြန်မာနိုင်ငံဆိုင်ရာ အီတလီနိုင်ငံ သံအမတ်ကြီး H.E.Mr.Pier Giorgio ALIBERTI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဇွန်လ ၂၁ ရက်နေ့၊ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံစဉ် စက်မှုကဏ္ဍဖွံ့ဖြိုးရေးနှင့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်လျက်ရှိသော စက်မှုလုပ်ငန်းများကို ဦးစားပေးထူထောင်ရန်၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် Danieli Master on Steelmaking ကာလတို/ကာလရှည်သင်တန်းများကို ပညာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော်ရေး၊ ကမ္ဘာ့ Steel ထုတ်လုပ်မှုနှင့် ဈေးကွက်အခြေအနေ၊ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) နှင့် အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) တို့၏ လက်ရှိအခြေအနေနှင့် အနာဂတ်စီးပွားရေးတွက်ချေကိုက်မှုနှင့် Steel ဈေးကွက်တိုးတက်လာမည့် အလားအလာများကို ပြည်တွင်း/ပြည်ပကျွမ်းကျင်သူပညာရှင်များပါဝင်သည့် Third Party ဖြင့် လေ့လာသုံးသပ်အကဲဖြတ်နိုင်ရေး၊ စက်မှုထုတ်ကုန်အရည်အသွေးနှင့် စံချိန်စံညွှန်းသတ်မှတ်ရေးကိစ္စရပ်များ၊ စက်မှုကုန်ကြမ်းသွင်းကုန်များအပေါ်တွင် စံနှုန်းများသတ်မှတ်၍ ကြပ်မတ်ဆောင်ရွက်နိုင်ရေး၊ ပြည်တွင်း စက်မှုလုပ်ငန်းများရှင်သန်ရေးအတွက် အထောက်အပံ့ပေးရမည့် ကိစ္စရပ်များနှင့် သွင်းကုန်ဆိုင်ရာ မူဝါဒအချို့အား ပြန်လည်သုံးသပ်ရန် ကိစ္စရပ်များ၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် လိုအပ်လျက်ရှိသော စွမ်းအင်ဖူလုံရေးအတွက် ပူးပေါင်းဆောင်ရွက်သင့်သည့် နည်းလမ်းများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

❑

စာမျက်နှာ ၂ မှ-

တို့၏အရည်အသွေး ပိုမိုတိုးတက်စေရေး အစဉ်အမြဲလေ့လာသင်ယူနေရန်လိုကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဝန်ထမ်းများ၏ပညာရေး၊ ကျန်းမာရေးနှင့်သက်သာချောင်ချိရေးကိစ္စရပ်များကို တတ်အားသရွေ့ကူညီပံ့ပိုးပေးရန်လိုကြောင်း လမ်းညွှန်မှာကြားပြီး တည်ဆောက်ရေးလုပ်ငန်းများနှင့်အိပ်ဆောင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

နေ့လယ်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် **အမှတ် (၂၆) အကြီးစားစက်ရုံ (သာဂရ)** သို့ရောက်ရှိပြီး Assembly Shop တွင် တာဘိုင်ငယ်များ စမ်းသပ်ထုတ်လုပ်လျက်ရှိသည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက အစိုးရသစ်စတင်တာဝန်ယူသည့် ဒုတိယနှစ်တွင် လျှပ်စစ်စွမ်းအင်များကို ပိုမိုတိုးမြှင့်ထုတ်လုပ်ကြရမည်ဖြစ်သဖြင့် လက်တွေ့အသုံးချနိုင်သော တာဘိုင်ငယ်များမှအစပြု၍ အောင်မြင်အောင် အဆင့်ဆင့်ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ တီထွင်ဖန်တီးထုတ်လုပ်သူများကိုလည်း ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ရန်လိုကြောင်း၊ လုပ်ငန်းများအား Time Line, Schedule များ ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ ဒေသအလိုက်သုံးစွဲနိုင်သည့် တာဘိုင်ငယ်များထုတ်လုပ်နိုင်ရေးအတွက် တီထွင်ဆန်းသစ်မှုများကို အမြဲတစေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် လိုအပ်လျက်ရှိသည့်စွမ်းအင်များကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ အသုံးပြုထုတ်လုပ်နိုင်ရေးအတွက် ဝန်ထမ်းများ၏အသိပညာ၊ အတတ်ပညာများဖြင့်ပေါင်းစပ် ကြိုးစားဆောင်ရွက်ကြပြီး မြစ်ချောင်းများ၏ရေစီးကြောင်းတွင် တိုက်ရိုက်နေရာချ၍ အသုံးပြုနိုင်မည့် တာဘိုင်ငယ်များ စမ်းသပ်ထုတ်လုပ်နေမှုကို စစ်ဆေးကာ လက်တွေ့ကျကျအောင်မြင်အောင်ထုတ်လုပ်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



မြစ်ချောင်းများ၏ရေစီးကြောင်းတွင် တိုက်ရိုက်နေရာချ၍အသုံးပြုနိုင်မည့် တာဘိုင်ငယ်များ စမ်းသပ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❑

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

မျက်နှာဖုံးမှ-

# မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုပန်းတိုင်သို့



BPI ဆေးဝါးစက်ရုံအတွင်းရှိ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးစက်ရုံသစ်၏ Snake Farm အားတွေ့မြင်ရစဉ်။

**ကိုကိုအောင် (စက်မှုဆေးဝါး)**

မြန်မာနိုင်ငံသည် မြွေများရှင်သန်ပေါက်ပွားရာ အပူပိုင်းဒေသတွင်းတည်ရှိပြီး လူအများစုမှာ ကျေးလက်ဒေသတွင် နေထိုင်ကြသဖြင့် အဆိပ်ရှိမြွေဆိုးအန္တရာယ်ကြောင့် နိုင်ငံသားများ အသက်မဆုံးရှုံးရန်အတွက် ပြည်တွင်း၌မြွေဆိပ်ဖြေဆေး လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုအပ်ပါသည်။

စက်မှုဝန်ကြီးဌာနအောက်ရှိ BPI ဆေးဝါးစက်ရုံသည် ၁၉၅၈ ခုနှစ်က ဖွင့်လှစ်တည်ထောင်ခဲ့ပြီး ၁၉၆၂ ခုနှစ်ကတည်းကပင် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု စတင်ခဲ့ပါသည်။ သို့ရာတွင် ကျန်းမာသန်စွမ်းသည့်မြင်းဝယ်ယူရရှိမှု အခက်အခဲကြောင့် တဖြည်းဖြည်းတိုးပွားလာသည့် လူဦးရေအတွက် ပြည်တွင်း၌မြွေဆိပ်ဖြေဆေးလုံလောက်အောင် ထုတ်လုပ်နိုင်ခြင်းမရှိသည့် အခြေအနေဖြစ်ပေါ်လာခဲ့သည်။

မြွေဆိပ်ဖြေဆေး (Snake Anti Venom) ထုတ်လုပ်ရန် ပထမအဆင့်အနေဖြင့် မြွေဆိပ်အားသန့်စင်အောင် (Venom Preparation) ပြုလုပ်ပြီးနောက် ကြားခံသတ္တဝါအဖြစ် ကျန်းမာသန်စွမ်းသည့်မြင်းတွင် သတ်မှတ်ထားသည့်မြွေဆိပ်ပမာဏ အဆင့်ဆင့်အား ကာလအပိုင်းအခြားအလိုက် အရေပြားအောက် (Subcutaneous) ထိုးသွင်းခြင်းဖြင့် မြင်း၏ခန္ဓာကိုယ်ခုခံအားစနစ်တွင် မြွေဆိပ်ကိုချေဖျက်နိုင်သည့် ပဋိပစ္စည်း (Anti Body) ရရှိအောင် ပြုလုပ်ရသည်။ ဒုတိယအဆင့်အနေဖြင့် မြွေဆိပ်ချေဖျက်နိုင်စွမ်းရရှိထားသည့် မြင်း၏သွေးရည်ကြည်မှ ခေတ်မီနည်းပညာနှင့်စက်ကိရိယာများဖြင့် အဆင့်ဆင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်ခြင်းဖြစ်သည်။


မြွေဆိပ်ထုတ်ယူနေစဉ်။

ပြည်တွင်း၌ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများမရှိသဖြင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် လိုအပ်သည့်မြင်းဝယ်ယူရရှိမှု ခက်ခဲခြင်းကြောင့် ၁၉၉၉ ခုနှစ်တွင် ဟဲဟိုးမြင်းမွေးမြူရေးစခန်းနှင့် ၂၀၀၅ ခုနှစ်တွင် ရန်ပယ်မြင်းမွေးမြူရေးစခန်းများ တည်ထောင်ဖွဲ့စည်းကာ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် လိုအပ်သည့်မြင်းများမွေးမြူခဲ့သည်။ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် ထပ်မံလိုအပ်သည့်မြင်းများကိုလည်း ပြည်တွင်းဒေသအသီးသီးမှ ဝယ်ယူလျက်ရှိသည်။ မြင်းမွေးမြူခြင်းအား အစ၊ အလယ်၊ အဆုံးဆောင်ရွက်ပါက ဆေးထုတ်လုပ်မှုစရိတ် (Cost of Production) များပြားလွန်းသဖြင့် မြွေဆိပ်ဖြေဆေး၏ဈေးနှုန်းကြီးမြင့်လာနိုင်သည်ကိုလည်း ထည့်သွင်းတွက်ချက်ရသည်။


မြွေဆိပ်ဖြေဆေးထုတ်လုပ်နေစဉ်။


မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန်အတွက် ၁၉၅၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ မြင်းများကို တင်သွင်းမွေးမြူခဲ့သော်လည်း ပြည်တွင်းဒေသခံမြင်းများကဲ့သို့ ရာသီဥတုနှင့်ပိုးမွှားဒဏ်ခံနိုင်ရည်နည်းပါးခြင်း၊ ပြည်တွင်းမြွေမျိုးစိတ်၏ မြွေဆိပ်ဒဏ်ကိုမခံနိုင်ခြင်းနှင့်ကုန်ကျစရိတ် မြင့်မားလွန်းခြင်းတို့ကြောင့် နောက်ပိုင်းတွင်ပြည်တွင်းမှ မြင်းများကိုပင် ဆက်လက်အသုံးပြုခဲ့ရသည်။

မြင်းဝယ်ယူရရှိမှု အခက်အခဲကြောင့် မြွေဆိပ်ဖြေဆေးလုံလောက်အောင် ထုတ်လုပ်နိုင်မှုမရှိခြင်းအားကျော်လွှားနိုင်ရေးအတွက် BPI ဆေးဝါးစက်ရုံမှ ပညာရှင်များ၏ကြိုးပမ်းမှုဖြင့် ၂၀၁၀ ပြည့်နှစ်တွင် သိုးမှမြွေဆိပ်ဖြေဆေးထုတ်လုပ်မှုအား ပြည်ပအကူအညီမပါဘဲ တီထွင်ထုတ်လုပ်ခဲ့ပြီး မြွေပေါက်ခံရသည့်လူနာများ၏အသက်ကို ကယ်တင်နိုင်ခဲ့သည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သုတေသနစစ်တမ်းများအရ မြန်မာနိုင်ငံ၏ မြွေဆိပ်ဖြေဆေးလိုအပ်ချက်မှာ နှစ်စဉ်အလုံးရေ ၈၀,၀၀၀ ဖြစ်သော်လည်း ၂၀၁၄ ခုနှစ်အထိ ပြည်တွင်း၌လုံလောက်အောင် ထုတ်လုပ်နိုင်စွမ်းမရှိခဲ့ဘဲ မြွေဆိပ်ဖြေဆေးထုတ်လုပ်ရာတွင် အသုံးပြုရသည့် မြင်းသေဆုံးမှုနှုန်းမှာလည်း အလွန်ပင်မြင့်မားခဲ့သည်။ ပြည်တွင်းမြွေဆိပ်ဖြေဆေး ထုတ်လုပ်မှုမလုံလောက်သဖြင့် မြွေပေါက်ခံရသူလူနာများအတွက် ပြည်ပမှမြွေဆိပ်ဖြေဆေးများ တင်သွင်းကုသခဲ့ရသော်လည်း ပြည်ပမှထုတ်လုပ်သည့် မြွေဆိပ်ဖြေဆေးမှာ ၎င်းတို့နိုင်ငံရှိ မြွေမျိုးစိတ် (Species) ၏အဆိပ်မှ ထုတ်လုပ်ထားခြင်းကြောင့် မြန်မာပြည်မှမြွေဆိပ်ကို ထိရောက်စွာချေဖျက်နိုင်စွမ်းရှိရန် ခက်ခဲနိုင်သည်။

၂၀၁၂ ခုနှစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဩစတြေးလျနိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုအတွက် လိုအပ်သည့်အကူအညီများရရှိရေး ဩစတြေးလျအစိုးရနှင့် ညှိနှိုင်းခဲ့သည်။

စာမျက်နှာ ၅ သို့ -



**စာမျက်နှာ ၄ မှ-**

ထို့အတွက်ကြောင့် ဩစတြေးလျ အစိုးရ (DFAT-GPFD Australia Department of Foreign Affair and Trade Government Partnership For Development) မှ Myanmar Snakebite Project ဖြင့် နည်းပညာ အကူအညီနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်း အကူအညီများရရှိခဲ့ပြီး ယခုအချိန်ထိ မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုတိုးတက်ရန်အတွက် များစွာအထောက်အကူဖြစ်စေခဲ့သည်။

ထို့အပြင် ဘရာဇီးနိုင်ငံအစိုးရ Brazil Cooperation Agency ၏ ထောက်ပံ့မှုဖြင့် Instituto Butantan မှမြွေဆိပ်ဖြေဆေးထုတ်လုပ်မှုနှင့် အရည်အသွေးစစ်ဆေးမှုဆိုင်ရာ နည်းပညာများကိုလည်း ရရှိခဲ့သဖြင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု တိုးတက်ရန်အတွက် ပိုမိုအထောက်အကူဖြစ်စေခဲ့သည်။

BPI ဆေးဝါးစက်ရုံတွင် ၂၀၁၅ ခုနှစ်မှစတင်ပြီး နှစ်စဉ်နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ဆေးဝါးသုံးမြင်း နိုင်ခဲ့သည်။

မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရေးအတွက် နိုင်ငံတော်၏ရင်းနှီးမြှုပ်နှံအားပေးမှု၊ ပြည်တွင်းပညာရှင်များ၏ ကြိုးပမ်းအားထုတ်မှုနှင့် ပြည်ပနည်းပညာအကူအညီရရှိမှုများကြောင့် ပုံတွင်ပြထားသည့်အတိုင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကတည်းကပင် အရည်အသွေးကောင်းမွန်စွာဖြင့် ပြည်တွင်းလိုအပ်ချက် ဆေးအလုံးရေ ၈၀,၀၀၀ ထက်ကျော်လွန်ကာ အလုံးရေ ၁၀၀,၀၀၀ ထုတ်လုပ်နိုင်သည်အထိ အောင်မြင်မှုရရှိလာသည်။ BPI ဆေးဝါးစက်ရုံအနေဖြင့် မြွေဆိပ်ဖြေဆေး တိုးမြှင့်ထုတ်လုပ်ရန် အဘက်ဘက်က ကြိုးပမ်းအားထုတ်မှုများ အောင်မြင်ခဲ့ပြီးဖြစ်သဖြင့် လက်ရှိနိုင်ငံတော်၏ မြွေဆိပ်ဖြေဆေး နှစ်စဉ်လိုအပ် အလုံးရေ ၈၀,၀၀၀ ၏ နှစ်ဆလိုအပ်မည်ဆိုပါကလည်း ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည့်အပြင် ဒေသတွင်း အိမ်နီးချင်း နိုင်ငံများသို့ တင်ပို့ရောင်းချရန်ပင် ကြိုးပမ်းလျက်ရှိသည်။



မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးဌာနခွဲ (မှော်ဘီ) တွင် ကျန်းမာသန်စွမ်းသည့် ဆေးဝါးသုံးမြင်းများ မွေးမြူထားရှိပုံ။

မွေးမြူမှုအား မြွေဆိပ်ဖြေဆေးထုတ်လုပ်ရေးစက်ရုံခွဲ (မှော်ဘီ) သို့ရွှေ့ပြောင်း၍ ခေတ်မီမြင်းဇောင်းများ၊ သဘာဝအတိုင်း လွတ်ကျောင်းထားနိုင်သည့် မြင်းလွှတ်ကွင်းများ တည်ထောင်ခဲ့သည်။ ထို့အပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ GMP Guidelines နှင့်အညီ ကမ္ဘာ့အဆင့်မီ မြွေဆိပ်ဖြေဆေး ထုတ်လုပ်ရေးစက်ရုံသစ် (New Snake Anti Venom Production Plant) အား BPI ဆေးဝါးစက်ရုံဝန်းအတွင်း ၂၀၁၅ ခုနှစ်တွင် ထပ်မံတည်ထောင်ဖွင့်လှစ်၍ အရည်အသွေးကောင်းမွန်သည့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု စတင်

မြွေဆိပ်ဖြေဆေးများသည် Biological Porducts ဖြစ်သည့်အပြင် တိရစ္ဆာန်၏သွေးရည်ကြည်မှ ထုတ်လုပ်သော ဆေးဝါးများဖြစ်သဖြင့် အချို့သောလူနာများတွင် အလွန်ရှားပါးသောဖြစ်စဉ် မြင်းသွေး (သို့မဟုတ်) သိုးသွေးနှင့်ဓာတ်မတည့်ခြင်း) ရှိနိုင်ကြောင်းလည်း ကမ္ဘာက လက်ခံထားပြီးဖြစ်သည်။ မြွေပေါက်ခံရသူ လူနာအသက်ကယ်အဖြစ် မြွေဆိပ်ဖြေဆေးထိုးနှံပါက Anti Shock Measures များ အဆင်သင့်ထားရှိပြီးမှသာလျှင် ထိုးနှံသင့်ကြောင်းနှင့် သွေးကြောသွင်းဖြည်းညင်းစွာထိုးနှံခြင်း (2ml/min) နှုန်း သို့မဟုတ် Infusion အနေဖြင့်သာ ထိုးနှံခြင်းဆောင်ရွက်ရကြောင်း WHO Guidelines နှင့် National Treatment Guidelines တွင် ဖော်ပြထားသည်။

WHO Guidelines တွင် အဆိပ်ရှိသောမြွေအကိုက်ခံရမှု သေချာပါက မြွေဆိပ်ဖြေဆေးသည်သာလျှင် တစ်ခုတည်းသော ထိုးနှံရမည့်ဆေးဝါးဖြစ်သဖြင့် သက်ဆိုင်သော မြွေဆိပ်ဖြေဆေးကို စောနိုင်သမျှစောစော ထိုးနှံရမည်ဖြစ်သည်။ ဆေးထိုးနောက်ကျသည်နှင့်အမျှ မြွေဆိပ်သည် ခန္ဓာကိုယ်အတွင်းရှိအင်္ဂါများသို့ ပျံ့နှံ့သွားခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများနှင့် အသက်ဆုံးရှုံးမှု ပိုမိုဖြစ်ပေါ်စေနိုင်သည်။ မြွေပေါက်ခံရသည့်လူနာကို မြွေဆိပ်ဖြေဆေးထိုးပါက မြွေဆိပ်ဝင်ရောက်မှုပမာဏ၊ လူနာ၏ကျန်းမာရေးအခြေအနေနှင့် မြွေကိုက်ခံရသည့်အချိန်မှ မြွေဆိပ်ဖြေဆေး စတင်ထိုးနှံသည့်အချိန်တို့အပေါ်မူတည်၍ အသက်ကယ်နိုင်မည်ဖြစ်သည်။

လက်ရှိအခြေအနေအရ BPI ဆေးဝါးစက်ရုံတွင် မြွေပွေးမြွေဆိပ်ဖြေဆေး (အရည်)နှင့် မြွေဟောက်မြွေဆိပ်ဖြေဆေး (အရည်) တို့ကို ထုတ်လုပ်လျက်ရှိသည်။ ယင်းဆေးဝါးနှစ်မျိုးမှာ အာနိသင်မပျောက်ပျက်ရေးအတွက် အပူချိန် ($2^{o}C$ မှ $8^{o}C$) အတွင်း အမြဲတမ်းသိမ်းဆည်းရန် လိုအပ်ပြီး သတ်မှတ်သည့်အတိုင်း သိမ်းဆည်းပါက ဆေးဝါးသက်တမ်း သုံးနှစ်တာရှည်ခံသည်။ သတ်မှတ်အပူချိန် ($2^{o}C$ မှ $8^{o}C$) အတွင်း ထားသိုခြင်းမရှိသဖြင့် အာနိသင်ပျက်ပြယ်သည့်မြွေဆိပ်ဖြေဆေး (အရည်) ဖြင့် မြွေပေါက်ခံရသည့်လူနာအား အသက်ကယ်တင်နိုင်ခြင်းမရှိကြောင်း သိရှိရန်လည်းလိုအပ်သည်။

လျှပ်စစ်မီး မရရှိသည့်ဒေသများတွင် အပူချိန် ($2^{o}C$ မှ $8^{o}C$) ထိ သိမ်းဆည်းရန်ခက်ခဲနိုင်သဖြင့် သာမန်အခန်းအပူချိန်ဖြင့် သိမ်းဆည်းနိုင်မည့် မြွေပွေးမြွေဆိပ်ဖြေဆေး (အေးခဲခြောက်) နှင့်မြွေဟောက်မြွေဆိပ်ဖြေဆေး (အေးခဲခြောက်) တို့အား (Freeze Dried) ပုံစံဖြင့်လည်း ထုတ်လုပ်ထားပြီး ဆေးဝါးသက်တမ်းငါးနှစ်ခံသည်။ ယင်းဆေးဝါးနှစ်မျိုးမှာ ကျေးလက်ဒေသများအတွက် ပိုမိုသင့်လျော်သည်။

ထို့အပြင် မြွေပေါက်ခံရသည့် လူနာအတွက် မြွေပွေး (သို့မဟုတ်) မြွေဟောက် မြွေအမျိုးအစားခွဲခြားရန်ခက်ခဲသည့် အခြေအနေမျိုးရှိခဲ့ပါက အသက်မဆုံးရှုံးနိုင်ရေးအတွက် (Bivalent Snake Anti Venom) မြွေဆိပ်ဖြေဆေးကိုလည်း မကြာမီကာလအတွင်း BPI ဆေးဝါးစက်ရုံမှ ထုတ်လုပ်ဖြန့်ချိမည်ဖြစ်သည်။

အချုပ်အားဖြင့် မြန်မာနိုင်ငံသားများ မြွေပေါက်ခံရသည့်အန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် အရည်အသွေးစိတ်ချယုံကြည်ရသော မြွေဆိပ်ဖြေဆေးအား ပြည်တွင်း၌ပင် လုံလောက်စွာထုတ်လုပ်နိုင်စွမ်းရှိပြီးဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ❑

**စက်မှုဝန်ကြီးဌာန**
**မြန်မာ့ဆေးဝါးလုပ်ငန်း**
**ထုပ်ပိုးပစ္စည်း ၅ မျိုး အဝယ်တင်ဒါ**

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | 1cc Plastic Tray (10's) | ၄၀၀,၀၀၀ ခု |
| (ခ) | 2cc Plastic Tray (10's) | ၆၀၀,၀၀၀ ခု |
| (ဂ) | Carton Box (D 930/20/500cc Plain) (39x31x18) cm | ၂၈,၀၀၀ ခု |
| (ဃ) | Carton Box (For Cal-D Glucose)(24's)(42.5x32.5x25.5)cm | ၂၀,၃၀၀ ခု |
| (င) | Carton Box (For Ceftriaxone & Cefotaxime)(35x32x12.5)cm | ၉၀,၀၀၀ ခု |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၂၆-၇-၂၀၁၇) မွန်းလွဲ (၄း၀၀) နာရီ
၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်-BPI)
၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်။

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းအသေးစိတ် အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ် (၃၇)၊ စက်မှုဝန်ကြီးဌာန၊**
**နေပြည်တော်။ တယ်လီဖုန်း - ၀၆၇-၄၀၈၃၈၈**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# လှူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးပညာပေး ဟောပြော

မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းမှ ကြီးမှူး၍ လစဉ်လှူစွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေး၊ လူငယ်စီးပွားရေးလုပ်ငန်းရှင်များပေါ် ထွန်းရေးအတွက် ပညာပေးဟောပြောပွဲများကျင်းပပေးလျက်ရှိရာ ဇွန်လ ၂၇ ရက်နေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ မန္တလေးချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား၊ ရတနာပုံစူပါ စင်တာတတိယထပ်ရှိ Mandalay ICT Park တွင် လှူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဟောပြောပွဲကျင်းပခဲ့ရာ မန္တလေးမြို့ရှိလူငယ်စီးပွားရေးလုပ်ငန်းရှင်များ၊ စိတ်ဝင်စားသူလူငယ်များတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးမိုးကျော်ကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာမဒေါက်တာတင်မမစိုးက **‘လှူစွမ်းအားအရင်းအမြစ်ခန့်ခွဲမှုကို လျှပ်တပြက်လှစ်ဟကြည့်ခြင်း’** ခေါင်းစဉ်ဖြင့် ဟောပြောပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်းသိရသည်။

**မောင်ပြည်သူ (မန္တလေး)**

ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်
ကြေးပိဋကတ်တော် အလှူရှင်



နှစ်ဖက်သော မိဘများ၊ အမကြီး ဒေါ်နှင်းညွန့်၊
ဒေါ်တင်အေးနှင့်ကျေးဇူးရှင်ခင်ပွန်းသည် ဦးခင်မောင်ရင်
တို့အား ရည်စူး၍ ဆရာမကြီး ဒေါ်ဝင်းနွယ်၏
(၈၂)နှစ်ပြည့် မွေးနေ့အဖြစ်
သား သမီး မြေး မိသားတစ်စုတို့မှ
သာရတ္ထဒီပနီဋီကာ (တ – တွဲ)
ကြေးပြား (၁၀)ချပ် ၊ တန်ဖိုး – ၂၆၀၀၀၀ ကျပ်ကို
၁၁.၆.၂၀၁၇နေ့က ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ
လာရောက်လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရာဌာန – မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းပေါ့ဗေဒ်ရွှေ)၊ ကြားတောရရပ်ကွက်၊ မဟာမြိုင်နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။



# ဆယ်ကျော်သက်များ သိသင့်သိထိုက်သော ကျန်းမာရေးအသိအမြင်များ ဟောပြော

ဆယ်ကျော်သက်အရွယ်များ သိသင့်သိထိုက်သော ကျန်းမာရေးအသိအမြင်များ၊ မျိုးဆက်ပွားခြင်းဆိုင်ရာဗဟုသုတများနှင့် ဆယ်ကျော်သက်များကြားထဲတွင်ဖြစ်ပေါ်နေသောစိန်ခေါ်မှုများကို လူငယ်တို့သိရှိနိုင်ရန်အတွက် ဟောပြောပွဲကို ဇွန်လ ၁၈ ရက်နေ့က ရန်ကုန်ကလေးဆေးရုံကြီးတွင် ကျင်းပခဲ့သည်။

အဆိုပါဟောပြောပွဲကို Australia Awards Myanmar Alumni (AAMA) နှင့်တစ်ကိုယ်တော် ပရဟိတသမားများကွန်ရက်၊ စံပယ်ဖြူကဏ္ဍက ဦးစီးကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

‘လူငယ်ဆယ်ကျော်သက်များကြားထဲတွင် မျိုးဆက်ပွားကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ၊ လုပ်ငန်းခွင်စိန်ခေါ်မှုများ၊ မူးယစ်ဆေးဝါးပြဿနာများကိုဖြေရှင်းဖို့အတွက် လူငယ်များ၏အသံ၊ ဖြစ်ချင်သောဆန္ဒသဘောထားများကို ဆွေးနွေးကြဖို့ အများကြီးလိုအပ်နေသေးကြောင်း’ စံပယ်ဖြူကဏ္ဍ၏အဖွဲ့ဝင် ဒေါက်တာဖြိုးသီဟက ပြောသည်။

၎င်းကပင် ဆက်လက်၍ ‘အခုဟောပြောပွဲလုပ်ရတာဟာ ဆယ်ကျော်သက် လူငယ်တွေအနေနဲ့ မိမိတို့ဟာ အနာဂတ်မှာအရေးပါတဲ့ လူငယ်တွေဖြစ်တယ်ဆိုတဲ့ အတွေးတွေရရှိလာစေဖို့၊ ဆယ်ကျော်သက်တွေကြားထဲမှာ အများအပြားဖြစ်ပေါ်နေတဲ့ မလိုလားအပ်တဲ့ ကိုယ်ဝန်ရလာတာတွေ၊ ကိုယ်ဝန်ဖျက်ချခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ဆိုးကျိုးတွေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြုလုပ်ရတာဖြစ်ပါတယ်’ ဟုပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မျိုးဆက်ပွားခြင်းနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားသောဥပဒေတချို့ကိုလည်း ပြင်ဆင်ဖို့လိုအပ်နေသေးကြောင်း ဆရာဝန်စာရေးဆရာ ဒေါက်တာစိုးလွင်က ပြောကြားခဲ့သည်။

ဆယ်ကျော်သက်များ အသိပညာဖွံ့ဖြိုးတိုးတက်စေဖို့၊ သိသင့်သိထိုက်သော ကျန်းမာရေးပြဿနာများနှင့်ပတ်သက်ပြီး ဟောပြောဆွေးနွေးမှုကို **‘တကယ်နော် ခက်သည့်အရွယ်တွေအကြောင်း’** ခေါင်းစဉ်ဖြင့် စာရေးဆရာလက်ာရည်ကျော် (ခ)ဒေါက်တာရဲမြင့်ကျော်၊ **‘ပင်လယ်ကူးမယ့် ပုစွန်ဆိတ်ကလေးတွေ’** ခေါင်းစဉ်ဖြင့် ဒေါက်တာစိုးလွင် **'Ecology Citizens'** ခေါင်းစဉ်ဖြင့် စာရေးဆရာမဂျူးတို့က ဟောပြောဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**အောင်ပိုင်မျိုး**

# မြန်မာ့ဂီတနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးနှင့် မန္တလေးဂီတမောင်နှမများ ပရဟိတအသင်းတို့ကြီးမှူး၍




ပဉ္စမအကြိမ် မြန်မာ့ဂီတနေ့အထိမ်းအမှတ်အခမ်းအနားကို ဇွန်လ ၂၇ ရက်နေ့ နံနက် ၉ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၂၆ လမ်းနှင့် ၇၅ လမ်းထောင့်ရှိ YMCA ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဒေါက်တာလှခိုင်က မြန်မာ့ဂီတနေ့အထိမ်းအမှတ်ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အဆိုတော်များက YMBA ဆရာတင်ရေးသားသော ဒို့ဗမာသီချင်းကို သီဆိုကြသည်။

ဆက်လက်၍ ရွှေတံဆိပ်ဆုရှင် စောင်းသိမ့်ချစ်အောင်နှင့် စောင်းအေးဆုကျော်တို့က မြန်မာ့စောင်းဖြင့် တီးခတ်ဖျော်ဖြေကြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ဂီတအစည်းအရုံးဝင် တေးဂီတအဖွဲ့ ၁၉ ဖွဲ့မှ တက်ရောက်လာသော အဆိုတော်များက တေးသီချင်းများဖြင့် ဖျော်ဖြေကြသည်။ မြန်မာ့ဂီတနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၃ ခုနှစ်က စတင်ကျင်းပလာခဲ့ပြီး ရရှိသောအလှူငွေများကို ပရဟိတအဖွဲ့အစည်းများသို့ လှူဒါန်းခဲ့ကြောင်းသိရသည်။

**မောင်ပြည်သူ (မန္တလေး)**

# အချိန်ပြည့်ပင်ပန်းနုံးချည့်ခြင်း




လူကအလုပ်မလုပ်ရင် အချိန်ပြည့်ပင်ပန်းနုံးချည့်သလိုခံစားနေရသည်။ 'အလုပ်ဖိစီးလို့ ကိုယ်တိုင်ကအပျင်းထူနေလို့ဖြစ်မှာပါ' စသည်ဖြင့် တွေးတတ်ကြသည်။ တကယ်တမ်းအချိန်ပြည့် ပင်ပန်းနုံးချည့်သလိုခံစားနေရခြင်းမှာ ခန္ဓာကိုယ်ကျန်းမာရေးပြဿနာကြောင့်ဖြစ်သည်။

သံဓာတ်နည်းလျှင် နုံးချည့်နိုင်သည်။ လူကအမြဲလိုလိုပင်ပန်းနေသလို ခံစားနေရသည်ဟုဆေးခန်းမှာပြောလျှင်ဆရာဝန်က လူနာမှာသံဓာတ်ပြည့်ဝခြင်းရှိ/မရှိစစ်ဆေးလိမ့်မည်။ လူက မောလည်းမော၊ နုံးလည်းနုံး၊ မကြာမကြာလည်း အသက်ရှုရခက်သည်ဆိုလျှင်၊ လေ့ကျင့်ခန်းလုပ်ရန် မဖြစ်နိုင်လောက်အောင် မောပန်းနုံးချည့်နေသည်ဆိုလျှင် ဖြစ်နိုင်ချေအရှိဆုံးက 'သံဓာတ်ချို့တဲ့ခြင်း' ကြောင့်ဖြစ်သည်။ သွေးစစ်ကြည့်လျှင် အဖြေအတိအကျသိနိုင်သည်။ သွေးသည် အောက်စီဂျင်ကို လုံလုံလောက်လောက်သယ်ဆောင်နိုင်စွမ်း ချို့တဲ့ခြင်းကြောင့်ဖြစ်သည်။ တရားခံမှာ သံဓာတ်ချို့တဲ့ခြင်းကြောင့်ဖြစ်သည်။ သံဓာတ်ချို့တဲ့ခြင်းကို သွေးအားနည်းခြင်းဟု အလွယ်ခေါ်တတ်ကြပြီး မကြာမကြာအအေးမိခြင်း၊ မူးဝေခြင်း၊ ပို့ချင်အန်ချင်ခြင်း၊ ခေါင်းမူးခေါင်းကိုက်ခြင်းတို့ ဖြစ်တတ်သည်။

**သိုင်းရွိုက် (Thyroid) ပုံမှန်အလုပ်မလုပ်၍လည်း** ဖြစ်နိုင်သည်။ သိုင်းရွိုက်ပုံမှန်အလုပ်မလုပ်လျှင် လူကနုံးချည့်နေရုံမက အရေပြားတွေခြောက်သွေ့လာကာ၊ ဝမ်းချုပ်ခြင်း၊ အားနည်းခြင်းဖြစ်တတ်သည်။ သိုင်းရွိုက်ပုံမှန်အလုပ်မလုပ်သူက နုံးချည့်နေရုံသာမက အရေပြားများခြောက်သွေ့ခြင်း၊ ဝမ်းချုပ်ခြင်း၊ အားနည်းခြင်းမျိုးဖြစ်တတ်သည်။ သိုင်းရွိုက်ပုံမှန် အလုပ်မလုပ်ခြင်းသည် သိုင်းရွိုက်ကပုံမှန်ထုတ်ပေးရမည့်ဟော်မုန်း လုံလုံလောက်လောက်မထွက်ခြင်းကြောင့်ဖြစ်နိုင်သည်။ လိုသည်ထက်ပိုထွက်နေခြင်းပါဝင်သည်။ ကျွမ်းကျင်ဆရာဝန်နှင့်ပြသစစ်ဆေးမှုခံယူလိုက်ပါက သိုင်းရွိုက်အားနည်းခြင်းကြောင့်လား၊ ပုံမှန်ထက်များနေခြင်းကြောင့်လား ပေါ်လာမည်။ ဆရာဝန်က သိုင်းရွိုက်ပုံမှန်ဖြစ်အောင် ညှိပေးသည့်ဟော်မုန်းဆေး (သို့) နလုံးခုန်ပုံမှန်ဖြစ်စေသည့်ဆေး ပေးလိမ့်မည်။

**ဆီးချိုသွေးချိုကြောင့်** ပင်ပန်းနုံးချည့်နိုင်သည်။ သွေးထဲတွင် သကြားဓာတ် ပုံမှန်ထက်များနေလျှင် သွေးလှည့်စနစ်ထိခိုက်ကာ ခန္ဓာကိုယ်ဆဲလ်များဆီ အောက်ဆီဂျင်လုံလုံလောက်လောက်မရဘဲဖြစ်တတ်ကာ ပင်ပန်းနုံးချည့်နေတတ်သည်။ သွေးအတွင်း သကြားဓာတ်များလွန်ခြင်းက လူကိုမောပန်းနုံးချည့်စေသကဲ့သို့ သကြားဓာတ်နည်းလွန်းလျှင်လည်း ခန္ဓာကိုယ်အတွက်လိုအပ်သည့် လောင်စာမရသကဲ့သို့ဖြစ်ကာ လူကပင်ပန်းလာသည်။

စိတ်ဓာတ်ကျခြင်းကြောင့် ပင်ပန်းနုံးချည့်နိုင်သည်။ တချိန်လုံး လူကနုံးချည့်နေကာ မနက်ဖက်အိပ်ရာထဲက မထွက်ချင်၊ ညဖက်ကောင်းကောင်းအိပ်မပျော်ဘူးဆိုလျှင် စိတ်ဓာတ်ကျခြင်းကြောင့်ဖြစ်သည်။ ကျွမ်းကျင်စိတ်ပညာဆရာဝန်နှင့်ပြသကာ စိတ်ကျန်းမာရေးစစ်ဆေးမှု ခံယူသင့်ပါသည်။ ဆရာဝန်က စိတ်ကျရှုန်းကိုပေါ်လွင်စေမည့် စနစ်တကျမေးခွန်းများဖြင့် စစ်ဆေးလိမ့်မည်။ မိမိ၏စိတ်ဓာတ်ကျနေသည့် အခြေအနေကို ရိပ်စားမိကာ မည်သို့ပြန်မြှင့်တင်သင့်သည်ကို အဖြေတွေ့လာနိုင်သည်။ စိတ်ဓာတ်ပြန်တက်လာလျှင် ပင်ပန်းနုံးချည့်မှုများ အလိုလိုပြေလည်သွားမည်။

အစာလမ်းကြောင်းတစ်လျှောက် အူနံရံများယိုစိမ့်ခြင်းကြောင့်လည်း လူက ပင်ပန်းနုံးချည့်ရတတ်သည်။ ပုံမှန်အားဖြင့် အူလမ်းကြောင်းသည် ယိုပေါက်၊ ဟာပေါက်မရှိသော ပိုက်ကဲ့သို့ဖြစ်သည်။ ခန္ဓာကိုယ်အတွက် လိုအပ်သောအာဟာရများကိုသာ အူနံရံကစုပ်ယူသည်။ မလိုအပ်သောအရာများကို လမ်းကြောင်းတစ်လျှောက်တွန်းပို့ကာ မစင်အဖြစ်စွန့်ထုတ်ပစ်သည်။ ခန္ဓာကိုယ်ထဲအရောက်မခံ။ မိမိက အစားမဆင်ခြင်ဘဲ လူကိုအန္တရာယ်ဖြစ်စေသော သဘာဝမဟုတ်သည့် ပြုပြင်စီမံထားသောအစားအစာတွေ အစားများလျှင် မရောက်သင့်သည့် အကျိုးပြုပရိုတိန်းများပါ သွေးကြောများထဲရောက်သွားကာ ခန္ဓာကိုယ်ခုခံမှုစနစ်က တုံ့ပြန်မှုများဖြစ်ပွားပြီး လူသည် မောပန်းနုံးချည့်လာရတတ်သည်။

ကူးစက်ရောဂါဝင်ခြင်းကြောင့်လည်း နုံးချည့်သည်။ ခန္ဓာကိုယ်ခုခံအားစနစ်ကို အလွန်အမင်းတုံ့ပြန်မှုဖြစ်စေသော ကူးစက်ရောဂါမျိုးဝင်ခြင်းကြောင့် လူသည်မောပန်းနုံးချည့်လာတတ်သည်။ ကျွမ်းကျင်ဆရာဝန်နှင့်ပြသကာ စနစ်တကျစစ်ဆေးခြင်း၊ ကုသမှုအပြည့်အဝခံယူခြင်းဖြင့် ကူးစက်ရောဂါပိုးကိုသိရှိကာ ပင်ပန်းနုံးချည့်မှု ပျောက်ကင်းသွားနိုင်သည်။

အလွန်ပြင်းထန်သော အခြေအနေမျိုးတွင် နုံးချည့်နိုင်သည်။ ဥပမာ ဗိုက်ခွဲကုသခြင်း ပြီးစီးသည့်အခါတွင် မောပန်းနုံးချည့်တတ်သလို၊ လေဖိအားများသောတောင်ထိပ်တွင် ပိုပြီးမောပန်းနုံးချည့်တတ်သည်။

> **ကိုယ်လက်လှုပ်ရှားခြင်းက**
> **အဆုတ်တွင်းသို့ လေအပြည့်အဝရှူသွင်းနိုင်သည်။**
> **အဆုတ်ကို အားပေးသကဲ့သို့ဖြစ်စေသည်။**

သက်ကြီးရွယ်အိုနှင့်ကလေးများ နေပူပြင်းထန်လျှင် လူငယ်လူရွယ်များထက် မောပန်းလွယ်ကြသည်။ အသက်ကြီးသောအခါ အဆုတ်ကောင်းစွာမပွနိုင်။ ကြွက်သားအင်အားနည်းပြီး သွေးကြောများအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို မြန်မြန်မထုတ်ပစ်နိုင်သဖြင့် ပိုမိုနုံးချည့်နိုင်ပါသည်။

**မောပန်းခြင်းမှကာကွယ်ရန်**။ မောပန်းခြင်းအမျိုးမျိုးရှိသည့် အားလျော့စွာရောဂါမဖြစ်ရန် ကြိုတင်ကာကွယ်နေထိုင်ကြရမည်။ နှလုံးနှင့် အဆုတ်ရောဂါအမျိုးမျိုးတို့မှ ကာကွယ်ရန် အဓိကမှာ အဆီအစိမ့်ကို အလွန်အကျွံမစားခြင်း၊ ဆေးလိပ်သောက်တတ်သောအကျင့်ကို ဆင်ခြင်ခြင်း၊ စိတ်ပင်ပန်း၊ စိတ်ညစ်ညူးမှုများကို အတတ်နိုင်ဆုံးဖယ်ရှားခြင်း၊ တစ်ကိုယ်ရည်သန့်ရှင်းမှုနဲ့အညီ နေထိုင်ခြင်း၊ နေ့စဉ်မှန်မှန် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပြီး ပြည့်စုံလုံလောက်စွာအနားယူခြင်းဖြင့် ဆင်ခြင်နေထိုင်ရမည်။

ပန်းနာရင်ကျပ်ရောဂါအခံရှိသူများ မိမိတို့နှင့်ဓာတ်မတည့်သော၊ ပန်းနာထစေသော အကြောင်းခြင်းရာတို့ကို ဆင်ခြင်ရှောင်ရှားပြီး နေထိုင်ရမည်။ သွေးအားနည်းခြင်းမဖြစ်စေရန် သင့်တင့်မျှတသောအစားအစာများကို စားသောက်နေထိုင်သင့်သည်။ ရောဂါဘယမရှိဘဲ မောပန်းခြင်းမဖြစ်စေရန်၊ အမောခံနိုင်ရန် နေ့စဉ်သင့်လျော်သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းဖြင့် ခန္ဓာကိုယ်မျှတစေနိုင်သည်။

**ကိုယ်လက်လှုပ်ရှားအားကစား**။ နေ့စဉ်လူတိုင်း နာရီဝက်မှတစ်နာရီထိ အားကစား၊ အပြေး၊ လမ်းလျှောက်၊ ရေကူး၊ စက်ဘီးစီးလုပ်ပေးသင့်သည်။ ပို၍အမောခံလာနိုင်သည်။ တက်ကြွစွာလှုပ်ရှားမှုအလေ့အကျင့်ရှိသူတို့တွင် အဆုတ်သည် မူလကပင် ခန္ဓာကိုယ်၏လိုအပ်ချက်ကို ပြည့်ပြည့်ဝဝဆောင်ရွက်ပေးနေကျဖြစ်သောကြောင့် အလေ့အကျင့်မရှိသူများထက် အမောခံနိုင်ကြသည်။

ကိုယ်လက်လှုပ်ရှားခြင်းက အဆုတ်တွင်းသို့ လေအပြည့်အဝရှူသွင်းနိုင်သည်။ အဆုတ်ကို အားပေးသကဲ့သို့ဖြစ်စေသည်။ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းတွင် အသက်ပြင်းပြင်းရှူရတဲ့ လေ့ကျင့်ခန်းပါသည်။

ခန္ဓာကိုယ်ရှိ ဦးခေါင်း၊ ကိုယ်၊ လက်၊ ခြေအားလုံးပါဝင်လှုပ်ရှား၍ အသက်ပြင်းပြင်းရှူစေနိုင်သော လေ့ကျင့်ခန်းမျိုးလိုပေသည်။ တစ်ခါတစ်ရံ တစ်ဦးချင်းလှုပ်ရှားရသည်ထက် စုပေါင်းလုပ်ရခြင်းမျိုးကပျော်စရာဖြစ်ကာ ကောင်းမွန်သောအရည်အချင်းများလည်း တိုးပွားစေပါသည်။


မောပန်းနုံးချည့်လာပြီဆိုလျှင် မည်သည့်အကြောင်းကြောင့်ဖြစ်နိုင်သည်ကို စဉ်းစားသင့်သည်။ ရောဂါကြောင့် အခြားအကြောင်းများကြောင့် ခွဲခြားသင့်သည်။ ရောဂါကြောင့်ဖြစ်နိုင်ပါက အလိုလိုနေရင်းမောနေသည်။ အလုပ်အနည်းငယ်လုပ်ရုံဖြင့်မောနေပါက မိသားစုနှင့်ပြသတိုင်ပင်ကာ စောစီးစွာကုသခံယူပါ။

ရောဂါကြောင့်မဟုတ်ဘဲ အခြားသူများနည်းတူ အမောမခံနိုင်ပါက သင့်တင့်မျှတသော ကိုယ်ကာယလှုပ်ရှားမှုများကို နေ့စဉ်မှန်မှန်လေ့ကျင့်ခြင်းဖြင့် မောပန်းခြင်းမှကင်းဝေးပြီး ဣရိယာပုတ်မျှတစေပါသည်။

**ဒေါက်တာလွင်သန့်**

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

# ၂၀၁၇ ခုနှစ် ဇူလိုင်လအတွက် သင့်ကံဇာတာ




မိုးဟိန်း

**တနင်္ဂနွေ** ကံကြမ္မာအလှည့်အပြောင်းနှင့် တွေ့ကြုံရမည်။ ပညာရေးကိစ္စများ အထူးအကျိုးပေးသည်။ ငွေဝင်လျက် ကြွေးတင်နေဦးမည်။ ပြည်ပခရီး၊ ပညာသင်ခရီး ရှိမည်။ လုပ်ငန်းခွင်၊ လူမှုရေး၊ အိမ်တွင်းရေးတို့တွင် မနာလို၊ ခြေထိုးသူများရှိမည်။ ကိုယ်ပိုင်အစွမ်းအစဖြင့် အားလုံးကို အောင်မြင်ပါလိမ့်မည်။ မိမိအပေါ် ကောင်းကျိုးပေးသော မိတ်ဆွေများနှင့်ပြန်တွေ့ရမည်။ အစာအဆိပ်ဖြစ်ခြင်း၊ ဆေးထိုး၊ ဆေးသောက်မှားခြင်းများ သတိပြုပါ။

ယတြာ - ခွေးများကို အစာကျွေးပါ။

**တနင်္လာ** တွဲဖက်တာဝန်၊ အပိုဂျူတီများ ထမ်းဆောင်ရတတ်သည်။ လမ်းဆုံလမ်းခွတွင် ရွေးချယ်ရခက်နေသော အနေအထားရှိပါသည်။ လုပ်ငန်းခွင်အတွင်း အမျိုးသမီးကိစ္စ၊ ငွေကြေးကိစ္စ သတိပြုပေးပါ။ မိသားစုအတွက် အချိန်ပေးပါ။ မိမိ မိသားစုသည်သာ လုံခြုံအေးချမ်းရာဖြစ်ပါသည်။ လူမှုရေး၊ နှလုံးသားရေးကိစ္စများအတွက် ငွေကုန်များနေဦးမည်။ ပျိုရွယ်သူများအတွက် အလွန်စန်းပွင့်နေသည့်ကာလဖြစ်ပါသည်။ သွေးအားနည်းခြင်း၊ နှလုံးအားနည်းခြင်းများ ကြုံရတတ်ပါသည်။

ယတြာ - အိမ်ရှိဘုရားကို ရောင်တော်ဖွင့်ပေးပါ။

**အင်္ဂါ** တရားပြိုင်ရခြင်း၊ တရားရင်ဆိုင်ရခြင်းမျိုး ကြုံရမည်။ အမှုအခင်းများအတွက် သက်သေလိုက်ပေးရတတ်သည်။ မည်သည့်ကိစ္စမဆို နှစ်ကြိမ်နှစ်ခါတွေ့ကြုံရတတ်ပါသည်။ စာရွက်စာတမ်း၊ စာရင်းဇယားကိစ္စများ သတိနှင့်ဆောင်ရွက်ပါ။ မိမိတွင်ရော၊ မိသားစုတွင်ပါ ငွေကံကောင်းနေပါလိမ့်မည်။ ချစ်သူခင်သူများနှင့် ယာယီခွဲနေရဦးမည်။ နှလုံးသားရေးတွင် တစ်ဦးတစ်ယောက်ကို ဆုံးဖြတ်ရွေးချယ်ရမည့်ကာလဖြစ်ပါသည်။ မိမိဖက်မှ မှန်ကန်ဖို့ အထူးအရေးကြီးပါသည်။

ယတြာ ။ ငှက်၊ ငါးလွှတ်၍ လိုရာဆုတောင်းပါ။

**ဗုဒ္ဓဟူး** မိမိအပေါ် မကောင်းကြံသူ၊ ရေသာခိုအချောင်လိုက်သူ၊ အပြစ်မြင်တတ်သူများနှင့်တွေ့ကြုံရမည်။ အလုပ်ပိ၊ တာဝန်ပိစိတ်ညစ်ညူးနေရဦးမည်။ မိမိက ကောင်းမည်ထင်သူများကဆိုး၍ ဆိုးမည်ထင်သူများက ကောင်းသည်ကိုတွေ့ကြုံရမည်။ မိမိလက်ထဲတွင် ငွေမမြဲ။ ငွေထွက်တိုင်းလည်း စိတ်အနှောင့်အယှက်ဖြစ်ရမည်။ နှလုံးသားရေးတွင် စိတ်ကူးယဉ်အိပ်မက်များ ပြိုလဲသွားလိမ့်မည်။ အိမ်ထောင်ရှင်များ သား၊ သမီးရတနာ ရကိန်းရှိပါသည်။ ကျန်းမာရေးကိစ္စများတွင် အထူးဂရုစိုက်ပေးပါ။ သွေးနှင့်ပတ်သက်သောရောဂါများ ဖြစ်တတ်ပါသည်။

ယတြာ - ဘုန်းကြီးကုဋီများ သန့်ရှင်းရေးလုပ်ပေးပါ။

**ကြာသပတေး** မိမိနှင့် လုပ်ငန်းသဘာဝမတူသူများနှင့် ပေါင်းစပ်လုပ်ကိုင်ရမည်။ ချစ်သူ၊ သူငယ်ချင်းများနှင့် တရုန်းရုန်းအပျော်ကြူးနေသည့်ကာလဖြစ်ပါသည်။ ငွေကြေးအကြပ်အတည်းရှိမည်။ ခရီးယာယီများနေလိမ့်မည်။ ကျန်းမာရေးအတွက် အထူးကောင်းသောကာလဖြစ်ပါသည်။ သံယောဇဉ်ကြိုးများ ပိုမိုနှောင်တွယ်ခြင်းများ ဂရုပြုပေးပါ။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်အပေါ် သစ္စာရှိရန် အလွန်အရေးကြီးသောကာလဖြစ်ပါသည်။

ယတြာ- စိတ်ဝေဒနာရှင်များကို ဒါနပြုပေးပါ။

**သောကြာ** ကောင်းသည်၊ ဆိုးသည် မကွဲပြား။ ဝေဝါးနေသောကာလဖြစ်သည်။ ဘဝသစ်၊ အကြံအစည်သစ်များ စတင်အကောင်အထည်ဖော်သင့်သော ကာလဖြစ်ပါသည်။ မည်သည့်အရာမဆို စိုးရိမ်စိတ်ကင်းကင်းဖြင့် လုပ်ကိုင်ဆောင်ရွက်ပါ။ ခရီးယာယီများနေလိမ့်မည်။ အိမ်တွင်းရေး၊ လူမှုရေးအတွက် စိတ်ညစ်ညူးရတတ်ပါသည်။ မိဘ၊ အကြီးအကဲများ ကျန်းမာရေးအညံ့ရှိမည်။ ငွေကြေးကံကောင်းနေသောကာလဖြစ်ပါသည်။

ယတြာ - ခရီးသွားရဟန်းသံဃာများကို ဒါနပြုပေးပါ။

**စနေ** ပြီးပြတ်ပြီဟု ထင်ထားသောအလုပ်များ ပြန်လည်လုပ်ဆောင်ရမည်။ အလှူအတန်း၊ ဘာသာရေးကိစ္စများတွင် ဦးဆောင်ဦးရွက်ပြုရမည်။ အခွင့်ကောင်းအခါကောင်းများ တွေ့ကြုံရမည့်ကာလဖြစ်သည်။ ပိုမိုကောင်းမွန်သည့် ဘဝအခြေအနေသို့ ရောက်ရှိမည်။ သူများအကျိုးဆောင်ရင်း ကိုယ့်အကျိုးအောင်ခြင်းများရှိမည်။ ဦးခေါင်းကိုက်ခဲခြင်း၊ မျက်ရိုးကိုက်ခဲခြင်းများ ဖြစ်တတ်ပါသည်။

ယတြာ - တတ်နိုင်သမျှ တရားထိုင်ပေးပါ။

**ရာဟု** ဦးဆောင်သူအနေအထားသို့ ရောက်ရှိမည်။ မိမိစီမံခန့်ခွဲဦးဆောင်ပြီး လုပ်သောကိစ္စများ အောင်မြင်မည်။ လုပ်ငန်းခွင်အတွင်း ထူးခြားသောတိုးတက်ခြင်းများရှိမည်။ ဖခင် (သို့) ဖခင်ကဲ့သို့ သူ၏အကြံဉာဏ်ကိုရယူဆောင်ရွက်ပါ။ မိသားစုအတွင်း အသေးစားပဋိပက္ခရှိသည်။ ကျန်းမာရေးကံနိမ့်နေသူများ ဆရာကောင်း၊ သမားကောင်းနှင့်ကြုံမည်။ အစာအိမ်၊ ဝမ်းဗိုက်ပိုင်းတွင် ဝေဒနာခံစားရတတ်ပါသည်။ နှလုံးသားရေးရာတွင် ပြီးဆုံးပြီဖြစ်သောဇာတ်လမ်းများ ပြန်ဆက်မိတတ်ပါသည်။

ယတြာ - ပဋ္ဌာန်းဒေသနာတော်ကို နေ့စဉ်ပူဇော်ပေးပါ။



သူ့အတွေး-သူ့အရေး

# အပြောလွယ်၍ အလုပ်ခက်

မူလတန်းကလေးငယ်များပါ သိရှိနားလည်ကြပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ချက်မှာ စည်းလုံးညီညွတ်မှုပင်ဖြစ်ကြောင်း လူတိုင်းသိရှိနားလည်ကြပြီးဖြစ်ပါလိမ့်မည်။ သို့သော်လည်း စည်းလုံးညီညွတ်မှုသည် အပြောလွယ်သလောက် လက်တွေ့ဘဝတွင် ဖြစ်ထွန်းအောင်မြင်ရန်ခက်ခဲသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။ လူနှစ်ဦးမှသည် အဖွဲ့အစည်းများကြား စည်းလုံးညီညွတ်ရေးသည် ရှေ့သို့ဆက်လက်လုပ်ဆောင်ရန်အတွက် အခြေခံအုတ်မြစ်ဖြစ်သလို အရှေ့တစ်ခုအတွက် တွန်းအားလည်းဖြစ်ပါသည်။ အခြေခံအုတ်မြစ်ခိုင်မာလျှင် ခိုင်မာသလောက် မြင့်မြင့်မားမားတည်ဆောက်နိုင်မည်ဖြစ်သလို ရည်မှန်းချက်ပန်းတိုင်သို့လည်း လျင်လျင်မြန်မြန်ရောက်နိုင်မည်ဖြစ်ပါသည်။



တူညီမှုများသည် စည်းလုံးညီညွတ်မှုကို များစွာအထောက်အကူပြုသော်လည်း ပညာအရည်အချင်းတူ၊ အသက်တူ၊ အရွယ်တူ၊ ရာထူးအဆင့်အတန်းတူသော်လည်း အသိပညာချင်းမတူသည့် အချက်တစ်ခုတည်းနှင့်စည်းလုံးညီညွတ်မှုသည် အလွယ်တကူအထမမြောက်သည်ကို တွေ့ရနိုင်ပါသည်။

ဘာသာမတူ၊ လူမျိုးမတူ၊ အယူအဆမတူ အစရှိသဖြင့် အမျိုးမျိုးကွဲပြားကြရာတွင် အယူအဆမတူခြင်းသည် အဆိုးဆုံးဖြစ်သည်ကို တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားကသာဓကပြနေပါသည်။ ကိုရီးယားတို့သည် လူမျိုးချင်း၊ ဘာသာချင်း၊ ဆွေမျိုးသားချင်း၊ ရေမြေသဘာဝချင်း၊ ဘာသာစကားချင်း၊ အသားအရောင်၊ ဝတ်စားဆင်ယင်မှု၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတို့ အကုန်တူညီကြသော်လည်း ကွန်မြူနစ်နှင့်ဒီမိုကရေစီ အရင်းရှင်ဆိုသည့် အယူအဆကွဲပြားမှုကြောင့် တောင်နှင့်မြောက်နှစ်ပိုင်းကွဲကာ စစ်ဖြစ်သည်အထိ တင်းမာမှုဖြစ်နေသည်ကို တွေ့ရပါသည်။

မတူကွဲပြားသည့်သဘောထားအမြင်အယူအဆများကို လက်ခံပြီး အတူတကွ ပေါင်းစည်းလုပ်ကိုင်ကြခြင်းသည် ဒီမိုကရေစီဟုဆိုသဖြင့် လူတို့သည်စနစ်အမျိုးမျိုးကို ဖြတ်သန်းပြီး ဒီမိုကရေစီကို လိုလားလာကြသည်။ လိုလားမှုသည် အတ္တဖြစ်ပြီး၊ ဒီမိုကရေစီသည် ပရဟိတဖြစ်သည်။ ပေးဆပ်ရမည့် ပရဟိတကိုစွဲထက် လိုလားမှုဖြစ်သည့် အတ္တကိုသာ ရှေ့တန်းတင်လာသောအခါ ဒီမိုကရေစီ၏အနှစ်သာရသည် ပျောက်ဆုံးပြီး စည်းလုံးညီညွတ်မှု ပြိုကွဲရပါတော့သည်။

တစ်ဦးချင်းတစ်ယောက်ချင်းမှစ၍ နှစ်ဦးဆိုလျှင် စည်းလုံးညီညွတ်မှုသည် လိုအပ်လာပါတော့သည်။ ၄င်း၏အသေးဆုံးယူနစ်သည် မိတ်ဆွေနှစ်ဦး (သို့) အများဆုံးပုံစံဖြစ်သည့် သမီးရည်းစား၊ လင်မယားဖြစ်ပါသည်။ ဖိုနှင့်မ သဘာဝမတူသောပေါင်းစပ်မှုသည် ပိုမို၍စိတ်ဝင်စားစရာကောင်းပါသည်။ ကျွန်တော်၏ငယ်သူငယ်ချင်းတစ်ဦး၏ ကိုယ်တွေ့ပြောပြသည်မှာ လင်မယားနှစ်ဦး ညီညီညွတ်ညွတ်ဆိုလျှင် စာမတတ်၊ အရင်းအနှီးမရှိသော်လည်း ရွှံ့မြေကို လောက်စာလုံးလုံး၍ ရောင်းချလုပ်ကိုင်ပြီး ချမ်းသာနိုင်ကြောင်းနှင့်သူငယ်ချင်းတို့မိသားစုသည် လက်တွေ့ဘဝတွင် အောင်မြင်နေသည်ကိုတွေ့ရှိရပါသည်။

လူနှစ်ဦး၊ မိသားစုတစ်စုမှသည် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ နိုင်ငံ၊ နိုင်ငံအတွင်းလူမျိုးစုများ၊ ဘာသာတူများ၊ အယူအဆတူသူများ၊ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအသင်းအဖွဲ့များ အစရှိသဖြင့် အဖွဲ့အစည်းများကြားတွင် ညီညွတ်မှုသည် တိုက်တာအဆောက်အဦဆောက်လုပ်ရာတွင် အာစီလောင်းသကဲ့သို့ ပုံစံဒီဇိုင်းကျနရန် လိုအပ်ပါသည်။ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့် လိုအပ်သည့်ပုံစံဒီဇိုင်းထုတ်လုပ်ကာ တည်ဆောက်ရေးပြုလုပ်ရသကဲ့သို့ စည်းလုံးညီညွတ်ရေးအတွက် ကြိုတင်ဒီဇိုင်းထုတ်လုပ်ထားရန် လိုအပ်ပါသည်။

ဒီဇိုင်းပုံစံကို မည်သူကအဆုံးအဖြတ်ပေးပါမည်နည်း။ အများကအဆုံးအဖြတ်ပေးမည်ဆိုလျှင် အများကိုစုစည်းထားရပေလိမ့်မည်။ အများကိုစုစည်းရန်အတွက် များစွာအခက်အခဲရှိပါသည်။ လူအများထံမှ အသံမျိုးစုံကို အများဆုံးကြားရမည်ဖြစ်ရာ အများကိုယ်စား အဆုံးအဖြတ်ပေးရန် ကြားခံလူလိုလာပါသည်။ တစ်နည်းအားဖြင့် ကိုယ်စားလှယ်လိုအပ်လာပါသည်။ ၄င်းကိုယ်စားလှယ်သည် ရွေးကောက်တင်မြှောက်ထားတာလား၊ မွေးရာပါလား၊ စေတနာ့ဝန်ထမ်းလား၊ လုပ်မယ့်သူမရှိလို့ထွက်လုပ်ရတာလား၊ တာဝန်ပေးလို့လား၊ မလွှဲသာမရှောင်သာလို့လား၊ လားပေါင်းများစွာ ရှိနိုင်ပါသည်။ တန်ဖိုးတွေမတူနိုင်သဖြင့် တန်ဖိုးကိုလိုက်ပြီး စည်းလုံးမှုရလဒ် အနည်းအများဖြစ်စေပါသည်။

ညီညွတ်မှုသည် အပြောလွယ်သလောက် အကောင်အထည်ဖော်ရန် များစွာသောလိုအပ်ချက်များရှိနေသည်ကတော့ သေချာပါသည်။ ကျွန်တော်ကတော့ **'စေတနာကောင်းရင် ကံကောင်းပါတယ်'** ဟု မှတ်ယူထားပါသည်။

**kmk**

## မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI)၏ မြန်မာ့ရှေ့ဆောင်နိုင်ငံရေးသိပ္ပံရုံး စတင်ဖွင့်လှစ်

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ (MILI) ၏တတိယမဏ္ဍိုင်ဖြစ်သည့် 'မြန်မာ့ရှေ့ဆောင်နိုင်ငံရေးသိပ္ပံရုံး' စတင်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇွန်လ ၁၅ ရက်နေ့၊ နေ့လယ် ၃ နာရီက ရန်ကုန်မြို့၊ ဗဟိုလမ်း၊ မုဒိတာကွန်ဒို (၁)၊ A/956 ရှိ အဆိုပါရုံး၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အဖွဲ့၏မြန်မာ့ရှေ့ဆောင်နိုင်ငံရေး သိပ္ပံရုံးအနေဖြင့် နိုင်ငံရေးအဖွဲ့အစည်းများ/နိုင်ငံရေးသမားများ၊ ဥပဒေပြုအဖွဲ့အစည်းများ/မူဝါဒရေးဆွဲချမှတ်သူများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ/ဖွံ့ဖြိုးရေးလုပ်ဆောင်နေသူများ၊ မီဒီယာအဖွဲ့အစည်းများနှင့် လက်တွဲပူးပေါင်းပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဖက်ဒရယ်စနစ်ဖော်ဆောင်ခြင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ပြည်သူ့ဆန္ဒခံယူပွဲများ၊ ရွေးကောက်ပွဲများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဥပဒေမူဘောင်များ၊ မူဝါဒများ ချမှတ်ဖော်ဆောင်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှုရရှိရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဥပဒေဘောင်အတွင်းရှိ ဒုက္ခသည်စခန်းများနှင့် ရွှေ့ပြောင်းအခြေချနေထိုင်သူများ ပြန်လည်ထူထောင်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ (MILI) ၏ဖွံ့ဖြိုးရေးရုံး၊ စီးပွားရေးရုံးတို့နှင့်အတူ နယ်ရုံးခွဲများကို ပံ့ပိုးဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။




၂၀၁၁ ခုနှစ်၊ မေလ ၈ ရက်နေ့က မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ (MILI) ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ ဖွံ့ဖြိုးရေးမဏ္ဍိုင်ဖြင့် အစပြုခဲ့ပြီး ဖွံ့ဖြိုးရေးအစီအစဉ်များတွင် ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

နှစ်အနည်းငယ်အတွင်း အဖွဲ့၏လုပ်ငန်းများ တဖြည်းဖြည်းတိုးတက်ကျယ်ပြန့်လာခဲ့ရာ ဒုတိယအဆင့် အဖွဲ့၏စီးပွားရေးမဏ္ဍိုင်ဖြစ်သော 'မသန်စွမ်းသူများ အကျိုးဝင်စီးပွားရေးလုပ်ငန်းရှေ့ဆောင်ရုံး' ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ထပ်မံတိုးချဲ့ဆောင်ရွက်ခဲ့ပြီး တစ်ဆက်တည်း တတိယအဆင့်ဖြစ်သည့် အဖွဲ့၏နိုင်ငံရေးမဏ္ဍိုင်ဖြစ်သော 'မြန်မာ့ရှေ့ဆောင် နိုင်ငံရေးသိပ္ပံရုံး' ကို ယခုကဲ့သို့ ဆက်လက်တိုးချဲ့ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

# ကားအရောင်းပြခန်းမှ မော်တော်ကားအသစ်များ (ဃ) စလစ်ဖြင့် ရန်ကုန်လိုင်စင်ခွင့်ပြု

ကားအရောင်းပြခန်းများမှ Brand New ကားများကို ယာဉ်အိုယာဉ်ဟောင်းအပ်နှံသည့်ပုံစံ (ဃ) စလစ်အသုံးပြု၍ ရန်ကုန်လိုင်စင်ဖြင့် ဝယ်ယူခွင့်ပါမစ်ထုတ်ပေးမည်ဖြစ်ကြောင်း မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သည့် ကြီးကြပ်မှုကော်မတီမှသိရသည်။




သို့သော် စလစ်တွင် စက်မှုဇုန်စလစ်ဆိုပါက ဝယ်ယူခွင့်ပါမစ်ထုတ်ပေးမည်မဟုတ်ပေ။ လူတစ်ဦးချင်းဖြစ်စေ၊ ကုမ္ပဏီများမှဖြစ်စေ Brand New မော်တော်ယာဉ်ဝယ်ယူလိုကြောင်း တင်ပြလာခြင်းအပေါ် အရောင်းပြခန်းများက ပုံစံ (ဃ) စလစ်ဖြင့် ယာဉ်ဟောင်းစလစ်အသုံးပြုပြီး ဝယ်ယူခွင့်ပါမစ်လျှောက်ထားလာပါက ခွင့်ပြုဆောင်ရွက်သွားရန် မော်တော်ယာဉ်တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်မှုကော်မတီ ၂/၂၀၁၇ အစည်းအဝေးတွင် ဆုံးဖြတ်ထားသည်။

မော်တော်ယာဉ်ဝယ်ယူခွင့်ပါမစ်တွင် **'အရောင်းပြခန်းမှ ပုံစံ(ဃ) စလစ်ဖြင့် မော်တော်ယာဉ်ဝယ်ယူခြင်း'** ဟု မှတ်ချက်ထည့်သွင်း၍ လျှောက်ထားလာပါက ရန်ကုန်လိုင်စင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ **ဆွေဝင်းမောင်**

# ရန်ကုန်မြို့တွင် ကမ္ဘာ့အဆင့်မီ 'မင်း' စုပေါင်းအိမ်ရာစီမံကိန်းဖော်ဆောင်

မြန်မာနိုင်ငံ၌ ကမ္ဘာ့အဆင့်မီ 'မင်း' စုပေါင်းအိမ်ရာစီမံကိန်း (Min Residences) ကို စင်ကာပူနိုင်ငံအခြေစိုက် Oxley Holding Ltd. နှင့် Mottama ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အစည်းကုမ္ပဏီလီမိတက်တို့ပူးပေါင်း၍ ရန်ကုန်မြို့တွင် ပထမဆုံးဖော်ဆောင်မည်ဖြစ်ကြောင်းသိရှိရသည်။

အဆိုပါစီမံကိန်းကို ရန်ကုန်မြို့တက္ကသိုလ်နှစ်ခုဖြစ်သည့် လှိုင်တက္ကသိုလ်နယ်မြေနှင့် ကွန်ပျူတာတက္ကသိုလ်တို့အကြား အဓိကစီးပွားရေးဇုန်နှင့်ကပ်လျက်တွင် ဆောင်ရွက်မည်ဖြစ်ပြီး ထိုစီမံကိန်းကြီးကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် စတင်အကောင်အထည်ဖော်မည်ဖြစ်ကာ ၃ နှစ်အတွင်း အပြီးဆောက်လုပ်သွားမည်ဟု သိရသည်။

'မင်း' စုပေါင်းအိမ်ရာစီမံကိန်းကို မြေညီထပ်အပါအဝင် အထပ် ၂၀ ပါဝင်သည့် စုပေါင်းအိမ်ရာဖြစ်ပြီး လူနေအိမ်နှင့်စီးပွားရေးလုပ်ငန်းများအတွက် အခန်းပေါင်း ၆၁၄ ခန်းပါဝင်မည်ဖြစ်သည်။ စားသောက်ဆိုင်များ၊ ရုံးခန်းများ၊ ဈေးဆိုင်ခန်းများ၊ နေ့ကလေးထိန်းကျောင်းများနှင့် ကျန်းမာရေးလိုက်စားသူများအတွက် တောင်တက်လေ့ကျင့်ရန် ကျောက်နံရံ၊ အပြေးလေ့ကျင့်ရန်အတွက် ပြေးလမ်းကြောင်းများ၊ ဂေါက်သီးရိုက်ကွင်းများနှင့် အိုလံပစ်စံချိန်မီရေကူးကန်များပါဝင်ကြောင်းသိရသည်။

**ဝင်းမြင့်ဦး**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

**အကြံပေး**
**ဒေါ်တင်တင်ထူး**

**စာတည်းမှူးချုပ်**
**ဦးကျော်လှိုင်**

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
**ဦးဟိန်းမင်းဇော**

**စာမျက်နှာအပြင်အဆင်**
**ဒေါ်ခင်ဌေးဝင်း၊ ဒေါ်ခင်သီတာမိုး**

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**
**ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး**

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် - ၀၀၅၀၁

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
**စောင်ရေ** ၃၄၇၀

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း - ၀၆၇ - ၄၀၅၀၅၇
၀၁ - ၂၅၀၆၅၁

E-mail
beaconofindustry@gmail.com

# ရွှေမန်းမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲ ကျင်းပ

မန္တလေးတိုင်းဒေသကြီး ကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီမှ ကြီးမှူး၍ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ရွှေမန်းမောင်နှင့်အမျိုးသား၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇွန်လ ၂၇ ရက်နေ့၊ နေ့လယ် ၁ နာရီက မန္တလေးမြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိုးသန်း၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝေဇင်၊ တိုင်းဒေသကြီးကာယဗလနှင့်ကာယကြံ့ခိုင်မှုဆပ်ကော်မတီဥက္ကဋ္ဌ၊ အမျိုးသမီးအားကစားအဖွဲ့အမှုဆောင်များ၊ အားကစားဝါသနာရှင်များတက်ရောက်အားပေးကြသည်။

ရွှေမန်းမောင်အငယ်တန်း၊ အကြီးတန်း၊ ၁၇၀ စင်တီမီတာအောက်နှင့်အထက် အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲ၊ ၁၆၀ စင်တီမီတာအောက်နှင့်အထက် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများကို အစီအစဉ်အတိုင်းကျင်းပရာ ပြိုင်ပွဲဝင်များက သတ်မှတ်ကိုယ်ဟန်တို့ဖြင့်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကြီးကြပ်အကဲဖြတ်ဒိုင်အဖွဲ့ဝင်များက အမှတ်ပေးရွေးချယ်ပေးကြသည်။ ရွှေမန်းမောင်အငယ်တန်းတွင် ပထမမောင်မဲကြီး၊ ဒုတိယဇင်ဝင်းထွန်း၊ တတိယသူရိန်၊ ၁၇၀ စင်တီမီတာအောက် အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမမင်းမင်း၊ ဒုတိယရန်ပိုင်စိုး၊ တတိယတင်စိုးဝင်း၊ ၁၇၀ စင်တီမီတာအထက် အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမတိုးဝေချစ်၊ ဒုတိယအောင်ကိုမင်း၊ တတိယနေသူရလှိုင်တို့ကရရှိပြီး ၁၆၀ စင်တီမီတာ




အထက် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမစန္ဒာဝင်း၊ ဒုတိယမေသကြဲန်ဦး၊ တတိယနန်းမိုးခေး၊ ၁၆၀ စင်တီမီတာအောက် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ပထမသန္တာဦး၊ ဒုတိယခင်ရဲမောက်၊ တတိယဂရေစ့်၊ ရွှေမန်းမောင်ပြိုင်ပွဲတွင် ပထမအောင်စိုးမင်း၊ ဒုတိယမောင်မဲကြီး၊ တတိယခင်မောင်ထွန်းတို့ရရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဒေါက်တာစိုးသန်းနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ ပြိုင်ပွဲသို့ ရွှေမန်းမောင်အငယ်တန်းပြိုင်ပွဲတွင် ၁၉ ဦး၊ အကြီးတန်းပြိုင်ပွဲတွင် ၅ ဦး၊ ၁၇၀ စင်တီမီတာအထက်နှင့်အောက် အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ၁၅ ဦးစီနှင့် ၁၆၀ စင်တီမီတာအောက် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ၉ ဦးနှင့် ၁၆၀ စင်တီမီတာအထက်ပြိုင်ပွဲတွင် ၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။

**သီဟကိုကို (မန္တလေး)**

# ဂုဏ်ယူစရာကိုစံထား ပြန်ကြိုးစား

(၁၇. ၆. ၂၀၁၇) ရက်နေ့က တက္ကသိုလ်ဝင်တန်းအောင်စာရင်း ထုတ်ပြန်ကြေညာခဲ့သည်။ အောင်မြင်သူများ ပျော်ကြပြီး၊ ကျရှုံးသူများ မပျော်နိုင်ကြပါ။ ရိုးရိုးအောင်မြင်ကြသူများ၊ တစ်ဘာသာမှဘာသာစုံအထိ ထူးချွန်စွာဂုဏ်ထူးများဖြင့် အောင်မြင်ကြသူများရှိကြသလို ကျရှုံးကြသူများလည်းရှိသည်။




အောင်မြင်ကြသူများကလည်း မိမိဝါသနာပါရာ၊ ထူးချွန်ရာများကို ဆက်လက်ပညာသင်ကြားလေ့လာနိုင်မည့် အခွင့်အရေးရကြသလို ကျရှုံးသူများကလည်း လာမည့်နှစ်အတွက် စတင်ကြိုတင်ပြင်ဆင်ကြရမည့်အချိန်ဖြစ်သည်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် ပြဋ္ဌာန်းစာအုပ်အထဲမှစာကိုသင်ယူပြီး ပြန်ဖြေရခြင်းသာဖြစ်သည်။ ဥပမာပြရလျှင် ရေကန်ကြီးထဲ၌ရှိသောရေကို ခပ်ကြသူများနှင့်တူသည်။ လက်ဖက်စားဇွန်းနှင့် ခပ်သောသူ၊ နို့ဆီဗူးနှင့်ခပ်သောသူ၊ ရေပုံးကြီးနှင့်ခပ်သောသူစသည်ဖြင့် ခပ်ပုံခြင်းမတူညီ၍ ရရှိပုံခြင်းမတူကြခြင်းဖြစ်သည်။ လေ့လာဆည်းပူးဝီရိယစိုက်ကြိုးစားသင်ယူလေ့လာပုံခြင်းမတူညီ၍ အောင်မြင်ကြပုံခြင်း မတူညီကြခြင်းဖြစ်သည်။

အောင်စာရင်းထွက်သည့်နေ့မှာပင် Facebook, Internet, Electronic Medias၊ သတင်းစာ၊ ဂျာနယ်များမှာဖတ်လိုက်ရသည့် စာမေးပွဲမအောင်သဖြင့် ရေထဲခုန်ချသည့်သတင်း၊ အဆိပ်သောက်သေသည့်သတင်း၊ ကြိုးဆွဲချသေသည့်သတင်း ဤသတင်းများကိုကြားရ ဖတ်ရသူများက သောကဖြစ်စရာ၊ စိတ်မချမ်းမြေ့စရာ၊ ကြေကွဲစရာများ ခံစားကြရသည်။ လူငယ်များအနေဖြင့် အတုယူမမှားစေချင်ပါ။ လွဲမှားသည့် အပြုအမူသာဖြစ်သည်။ စိတ်ခွတ်ခိုင်မာဖို့လိုပါသည်။ ဘဝအတွက်အရေးပါသည့် အရာတစ်ခုဖြစ်သော်လည်း အရေးအကြီးဆုံးတော့ မဟုတ်ပေ။ စိတ်အေးအေးထား ပြန်ကြိုးစားပါက အောင်မြင်မှာဖြစ်သည်။

ကျူရှင်မတက်ဘဲ ဂုဏ်ထူး (၄) ဘာသာပါသည့်သတင်း၊ ထောင်ထဲ၌ပြစ်ဒဏ်ကျခံရင်း စာမေးပွဲဖြေရာ ဂုဏ်ထူးဖြင့်အောင်မြင်သည့်သတင်း၊ မျက်မမြင်ကျောင်းက ဂုဏ်ထူး (၃) ဘာသာနှင့်အောင်မြင်သည့်သတင်း၊ ဘာသာစုံဂုဏ်ထူးများနှင့် အောင်မြင်ကြသည့်သတင်း၊ ဤသတင်းများ ဖတ်ရကြားရသူတိုင်း၏ရင်မှာ ဂုဏ်ယူစရာ၊ အားကျစရာ၊ အတုယူစရာ၊ ကြည်နူးစရာ၊ ပီတိဖြစ်စရာ။ ဤသို့ 'စရာ' များကို 'ဆရာ' အဖြစ်ပြောင်း စံနမူနာထားပြန်ကြိုးစားပါက အောင်မြင်မည်မှာ အသေအချာပင်ဖြစ်သည်။ ထူးချွန်စွာအောင်မြင်ခဲ့ကြသူများ၏ လေ့လာကျက်မှတ်ခဲ့ကြပုံများကို အားကျ စံနမူနာထား၍ ကြိုးစားကြစေချင်ပါသည်။

'လေ့ကျင့်မှ ကျွမ်းကျင်
ကျွမ်းကျင်မှ ယုံကြည်
ယုံကြည်မှ ရဲရင့်
ရဲရင့်မှ ရင်ဆိုင်
ရင်ဆိုင်မှ အောင်မြင်' ဆိုသကဲ့

သို့ လေ့ကျင့်မှုများများ ပြုလုပ်ခြင်းဖြင့် ကျွမ်းကျင်မှုမှသည် အောင်မြင်မှုများစွာဆီသို့ ကျောင်းသား/ကျောင်းသူတိုင်း ရယူဆွတ်ခူးနိုင်ကြပါစေ။

**ထားဆုဖေ**

## စာမူနှင့်သတင်းများ ဖိတ်ခေါ်ပါသည်

**စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာများနှင့်စက်ရုံနယ်မြေအလိုက် သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry@gmail.com သို့လည်းကောင်း ပေးပို့နိုင်ကြောင်းဖိတ်ခေါ်အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့် လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။**

**စက်မှုအလင်းဂျာနယ်**

# ကျွန်းမျောနှင့်တူသော ကမ္ဘာ့အကြီးဆုံးအပျော်စီးသင်္ဘော MSC Cruise မှ တည်ဆောက်မည်

ဆွစ်ဇာလန်အခြေစိုက် MSC Cruise ရဲ့ အင်ဂျင်နီယာတွေဟာ အကြီးဆုံးအရာတွေကို ဒီဇိုင်းလုပ်ဖို့ အမြဲတမ်းကြိုးစားလျက်ရှိရာ ယခုအခါ ကမ္ဘာ့အကြီးဆုံးအပျော်စီးသင်္ဘောကို ဆောက်လုပ်မယ်လို့ ကြေညာခဲ့ပါတယ်။ အော်စလိုအခြေစိုက်သင်္ဘောကျင်း STX France မှာ သင်္ဘော ၂ စင်းဆောက်လုပ်မှာဖြစ်ပြီး အဆိုပါသင်္ဘော ၂ စင်းအနက် ၁ စင်းမှာ ကမ္ဘာ့အကြီးဆုံးဖြစ်လာမှာဖြစ်ပါတယ်။ သင်္ဘော ၂ စင်းကို ၂၀၂၂ ခုနှစ်နဲ့ ၂၀၂၄ ခုနှစ်တို့မှာ အသီးသီးရေချသွားမှာဖြစ်ပါတယ်။ ဒီကြေညာချက်ကို ပြင်သစ်နိုင်ငံရဲ့ သမ္မတအသစ် Emmanuel Marcon တက်ရောက်ခဲ့တဲ့ Meraviglia သင်္ဘောရေချပွဲမှာ ကြေညာခဲ့တာဖြစ်ပါတယ်။ Meraviglia ဟာ STX France က ဆောက်လုပ်ခဲ့တဲ့ ခရီးသည် ၅,၇၁၄ ဦး တင်ဆောင်နိုင်တဲ့ သင်္ဘောဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွက် ကမ္ဘာ့အကြီးဆုံးသင်္ဘော၊ တည်ဆောက်ပြီးခဲ့သည့် သင်္ဘောများအနက် စတုတ္ထအကြီးဆုံးဖြစ်ပါတယ်။



ကမ္ဘာ့အကြီးဆုံးဖြစ်လာမယ့် MSC's World Class အမည်ရှိ အပျော်စီးသင်္ဘောမှာ အခန်း ၂,၇၅၀ ပါရှိမှာဖြစ်ပြီး ခရီးသည် ၆,၈၅၀ ဦး တင်ဆောင်နိုင်မှာဖြစ်ပါတယ်။ အတိုင်းအတာအနေနဲ့ အလျား ၁,၀၈၂ ပေ၊ အနံ ၁၅၄ ပေရှိတာမို့ ဘောလုံးကွင်း ၃ ကွင်းစာ ကျယ်ဝန်းမှာဖြစ်ပါတယ်။ အဆိုပါသင်္ဘောကို Liquified Natural Gas (LNG) အင်ဂျင်ဖြင့် မောင်းနှင်မှာဖြစ်ပါတယ်။ လက်ရှိကမ္ဘာ့အကြီးဆုံးသင်္ဘောမှာ Royal Caribbean ရဲ့ Harmony of the Seas အမည်ရှိ သင်္ဘောဖြစ်ပြီး အများဆုံးခရီးသည် ၆,၇၈၀ ဦးတင်ဆောင်နိုင်ပါတယ်။

GALLERY : Inside MSC Cruises' new MSC Meraviglia (provided by USA TODAY)

https://www.yahoo.com/.../world largest cruise ship floating

**ခင်နှင်းသက်**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ကမ္ဘာ့ထူးခြားအံ့ဖွယ် ရင်းနှီးမြှုပ်နှံမှု

မောင်ဉာဏ် (ရုံးချုပ်)

ရင်းနှီးမြှုပ်နှံခြင်းဟူသည် အနာဂတ်ကာလ အကျိုးတစ်စုံတစ်ရာအတွက် ပစ္စုပ္ပန်ကာလ၌ တစ်စုံတစ်ရာအား ရင်းနှီးခြင်း၊ ပေးဆပ်ခြင်း၊ မျိုးစေ့ကိုစိုက်အပ်ခြင်း၊ ပျိုးထောင်ပေးခြင်း၊ မြှုပ်နှံခြင်းဟူ၍လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။ ဥပမာ- မိမိခြံအတွင်းရှိ သရက်ပင်မှအရသာရှိသော သရက်သီးများစားနေရခြင်းသည် အတိတ်ကာလက မျိုးစေ့စိုက်ပျိုးခဲ့ခြင်းဟူသော ရင်းနှီးမြှုပ်နှံမှုအကြောင်းရှိခဲ့၍သာ ယခုပစ္စုပ္ပန်ကာလတွင် အကျိုးခံစားနေရခြင်းဖြစ်သည်။ ထို့အတူပင် ယခုပစ္စုပ္ပန်ကာလ၌ ရင်းနှီးမြှုပ်နှံထားခြင်းအကြောင်းရှိမှသာ အနာဂတ်ကာလအကျိုး ဧကန်ခံစားရမည်ဖြစ်သည်။ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ဘာသာရေးစသောကဏ္ဍအသီးသီးသည်လည်း ရင်းနှီးမြှုပ်နှံမှုမကင်းကြသော အရေးကိစ္စများဖြစ်ကြပေသည်။

ရင်းနှီးမြှုပ်နှံရာတွင် မိမိရည်မှန်းချက်အတွက် နည်းလမ်းမှန်ကန်စွာ ရင်းနှီးမြှုပ်နှံရန်လည်း အရေးကြီးသည်။ အချိုပင်စိုက်လျှင် အချိုသီးစားရမည်။ အချဉ်ပင်စိုက်လျှင် အချဉ်သီးစားရမည်ဖြစ်သည်။ အချိုသီးစားချင်ပါလျက် အချဉ်ပင်စိုက်လျှင် မှားယွင်းသောရင်းနှီးမြှုပ်နှံမှုဖြစ်သည်။ အချဉ်သီးစားချင်ပါလျက် အခါးပင်စိုက်လျှင်လည်း မှားယွင်းသောရင်းနှီးမြှုပ်နှံမှုသာဖြစ်သည်။ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုမမှားရန် အလွန်အရေးကြီးသည်။ တစ်ချိန်တုန်းက တစ်စုံတစ်ယောက်၏ အံ့သြဖွယ်ရင်းနှီးမြှုပ်နှံမှုအကြောင်းအား ရှုထောင့်တစ်ခုမှတင်ပြလိုက်ရပေသည်။

လွန်လေပြီးသောကာလက ကိုယ်လုံးသည် ငွေစိုင်ဘော်ကဲ့သို့ ဆွတ်ဆွတ်ဖြူသော၊ မျက်စိသည် အမျက်ကျောက်လုံးနှင့်တူ၍ ကြည်လင်ခြင်းငါးဖြာနှင့် တောက်ပသော၊ အာခံတွင်းသည် ကမ္ဗလာနီအဆင်းရှိသော၊ နှာမောင်းသည် ရွှေနီရေးအပြောက်အကွက်တို့ဖြင့် တန်ဆာဆင်ထားသောငွေပန်းဆိုင်နှင့်တူသော၊ ခြေလေးဘက်တို့သည် ချိပ်ရည်ဆိုးထားသကဲ့သို့ နီလွင်သော၊ တင့်တယ်လှပသောအစွယ်သည် ကောင်းမြတ်ခြင်းလက္ခဏာနှင့်ပြည်စုံသော၊ အကျင့်သီလနှင့်ပြည်စုံ၍ ဆင်အပေါင်းဝန်းရံခစားရသော သီလဝနာဂရာဇာအမည်ရှိသောဆင်မင်းသည် ဟိမဝန္တာအရပ်၌နေ၏။ တစ်နေ့သော် ဆင်မင်းသည် အအုပ်အသင်းနှင့်နေရခြင်းတွင် အပြစ်မကင်းသည်ကိုမြင်၍ ဆင်အုပ်နှင့်ဝေးရာသို့ တစ်ကိုယ်တည်းထွက်လာခဲ့လေသည်။

တစ်နေ့သောအခါ ဗာရာဏသီပြည်သား မုဆိုးတစ်ဦးသည်အမဲရှာရာအလို့ငှာ ဟိမဝန္တာတောအတွင်းသို့ ဝင်၏။ တောနက်ထဲသို့ဝင်မိလေရာ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဘယ်မှာမသိတော့ဘဲ ရက်အနည်းငယ် မျက်စိလည် လမ်းပျောက်နေလေ၏။ မုဆိုးလည်း ကြောက်စိတ်ဝင်ကာ ငိုကြွေးလေတော့၏။ မုဆိုးအား ဆင်မင်းမြင်တွေ့သောအခါ ကရုဏာစိတ်ဖြစ်၍ မုဆိုးရှိရာသို့ သွား၏။ မုဆိုးသည် ဆင်မင်းကိုမြင်သောအခါ ကြောက်၍ပြေးလေ၏။ မုဆိုးပြေးသော် ဆင်မင်းကရပ်၏။ ဆင်မင်းရပ်လျှင် မုဆိုးလည်းရပ်၏။ မုဆိုးရပ်လျှင် ဆင်မင်းသည် တဖန်လာ၏။ ဆင်မင်းလာလျှင် မုဆိုးသည် တဖန်ပြေး၏။ မုဆိုးပြေးလျှင် ဆင်မင်းက တဖန်ရပ်၏။ မုဆိုးလည်း ရပ်၍ 'ဤဆင်သည် ငါပြေးသောအခါရပ်၍ ငါရပ်သောအခါ လာ၏။ ရန်ရှာလို၍ မဟုတ်တန်ရာ၊ ကူညီရန်အလို့ငှာသာဖြစ်မည်' ဟု စဉ်းစားကာ ရပ်နေလေသည်။

ထိုအခါ ဆင်မင်းသည် မုဆိုးအနားချဉ်းကပ်၍-

'အို ယောကျ်ား အဘယ့်ကြောင့် ငိုကြွေးဘိသနည်း။'

'တောတွင်းဝယ် မျက်စိလည် လမ်းပျောက်ပြီး အရှေ့၊ အနောက်၊ တောင်၊ မြောက်မသိ တဝဲလည်လည်ဖြစ်၍ သေဘေးကိုကြောက်သဖြင့် ငိုကြွေးနေပါ၏။'

ထိုအခါ ဆင်မင်းသည်မုဆိုးအား မိမိနေရပ် တောဗိမာန်သို့ခေါ်သွားကာ သစ်သီးတို့ဖြင့် ကျွေးမွေးပြုစုလေသည်။ ထို့နောက်-

'အသင်ယောကျ်ား မစိုးရိမ်နှင့်။ လူတို့သွားရာ လမ်းမကြီးသို့ရောက်အောင် ငါပို့ဆောင်ပါမည်။' ဟုဆိုကာ မုဆိုးအား ကျောကုန်းထက်တွင်တင်၍ ခေါ်ဆောင်သွားလေသည်။

ဆင်မင်း၏ကျောထက်မှ ဝမ်းဝ၍ အားပြည့်လာသောမုဆိုးသည်-

'ရပ်ရွာသို့ပြန်ရောက်သော် လူတို့သည် ငါ့အားမေးကြလိမ့်မည်။ ထိုသို့မေးလျှင် ဖြေနိုင်မှသာတော်လိမ့်မည်' ဟု အကြံဖြစ်ကာ ဝဲ၊ ယာသစ်ပင်၊ တောတောင်အခြေအနေတို့အား မှတ်သားထားလေ၏။ ဗာရာဏသီပြည်သို့သွားရာ လမ်းမကြီးသို့ရောက်လျှင် ဆင်မင်းသည် ကျောထက်မှမုဆိုးကိုချပြီး 'အို ယောကျ်ား ဤခရီးဖြင့်သွားလော့၊ ငါတို့ တွေ့ဆုံခြင်းနှင့် ငါ၏နေရပ်အား မေးသည်ဖြစ်စေ၊ မမေးသည်ဖြစ်စေ မည်သူ့အားမျှ မပြောပါလေနှင့်' ဟု ပြောကြားကာ တောသို့ဝင်လေသည်။

ဗာရာဏသီပြည်သို့ ပြန်ရောက်သောအခါ မုဆိုးသည် မြို့အတွင်းသို့ လှည့်လည်ရင်း ဆင်စွယ်ပွတ်သမားတို့နေထိုင်ရာသို့ရောက်၏။ ဆင်စွယ်ပစ္စည်းအမျိုးမျိုးကိုမြင်၍ ဆင်စွယ်ပွတ်သမားတို့အား 'ဆင်သေ၏အစွယ်နှင့် ဆင်ရှင်၏အစွယ် အဘယ်ကအဖိုး ပိုထိုက်သနည်း' ဟုမေး၏။ ဆင်ရှင်၏အစွယ်သည် အဖိုးပိုထိုက်ကြောင်းသိရလျှင် သက်ရှိဆင်စွယ်ကိုရလျှင် ဝယ်မည်လောဟုမေးရာ ဆင်စွယ်ပွတ်သမားတို့က ဝယ်ပါမည်ဟုပြောကြား၏။ မုဆိုးလည်း ကျွန်ုပ်ရှာပေးပါမည်ဟုဆိုကာ ခရီးရိက္ခာနှင့်လွှကိုထမ်း၍ တောလမ်းအတိုင်း ဆင်မင်းရှိရာ သွားလေတော့သည်။

ဆင်မင်းသည် မုဆိုးကိုမြင်သောအခါ-

'အိုယောကျ်ား အဘယ်အကြောင်းကြောင့် ဤအရပ်သို့ပြန်လာသနည်း။'

'အရှင်ဆင်မင်း ကျွန်ုပ်သည် ဆင်းရဲပါ၏။ အလွန်ဆင်းရဲလှပါ၏။ အရှင်ဆင်မင်း၏ အစွယ်တစ်ဝက်အပိုင်းကိုပေးပါလျှင် ရောင်း၍အသက်မွေးပါအံ့။'

'အို ယောကျ်ား ကောင်းလှပါပြီ။ ပေးပါအံ့။ ဖြတ်စရာ လွှနှင့်ဖြတ်၍ယူဆောင်လော့။' ဆင်မင်းသည် မုဆိုးရှေ့၌ဒူးထောက်၍ ဥသဘန္စားကဲ့သို့ ဝပ်ပေးလေတော့သည်။ မုဆိုးသည် အကြီးပိုင်းအစွယ်တို့ကို ထက်သောလွှဖြင့်ဖြတ်၏။ ဆင်မင်းသည် ဖြတ်ပြီး အစွယ်ပိုင်းတို့အား နှာမောင်းဖြင့်မြှောက်ချီပြီး 'အချင်းယောကျ်ား ငါသည် ဤအစွယ်တို့အား မချစ်မနှစ်သက်၍ စွန့်သည်မဟုတ်။ ထိုအစွယ်တို့ထက် အဆတစ်ရာ၊ ထောင်၊ သောင်း၊ သိန်းမက ချစ်ခင်နှစ်သက်အပ်သော သဗ္ဗညုတဉာဏ်တော်အစွယ်အကျိုးငှာ ငါလှူ၍ ရင်းနှီးမြှုပ်နှံမှုပြုသတည်း' ဟုဆိုကာ မုဆိုးအားပေးလေသည်။ မုဆိုးလည်း အစွယ်တို့ကိုယူကာ ပြန်သွားလေသည်။


မကြာမီပင် မုဆိုးလည်း ဆင်မင်းထံပြန်လာ၍ 'အရှင်ဆင်မင်း အစွယ်တို့ကိုရောင်း၍ ရသောငွေသည် ကြွေးဆပ်ရသဖြင့် ကုန်လေပြီ။ ကြွင်းသောအစွယ်ကို ပေးပါဦးလော့။'

'ကောင်းပြီ။ ဖြတ်၍ယူဆောင်လော့' ဟုဆိုလျှင် မုဆိုးသည်ကြွင်းသောအစွယ်ပိုင်းကို ဖြတ်ယူကာ ပြန်သွားလေတော့သည်။ ငွေကုန်သောအခါ ပြန်ရောက်လာပြီး 'အရင်းပိုင်းအစွယ်ငုတ်တို့ကို ပေးပါဦးလော့' ဟု ဆိုပြန်သည်။ ဆင်မင်းလည်း ကောင်းပြီဟုဝန်ခံ၍ ရှေးနည်းအတိုင်း ဒူးထောက်ဝပ်ပေးလေသည်။ ယုတ်မာသောမုဆိုးသည် ငွေပန်းဆိုင်နှင့်တူသော ဦးကင်းပေါ်သို့တက်ပြီး ဖနောင့်တို့ဖြင့်တွန်းဖိကန်ကျောက်လျက် လွှထက်ထက်ဖြင့် အတင်းဖိနှိပ်ဖြတ်လေသောအခါ နှမောင်းရင်းရှိအသားဆိုင်တို့သည် ပေါက်လွှတ်ဗလဖွာ ပဲ့ထွက်လွင့်စင်ကုန်တော့သည်။ သွေးတို့သည်လည်း ဒလဟောစီးယိုထွက်ကျလာတော့သည်။ ဆင်မင်းလည်း တစ်ကိုယ်လုံးဆတ်ဆတ်တုန်၍ မချိသောဝေဒနာဆိုးတို့အား သတိဖြင့် သည်းခံလေသည်။ မုဆိုးလည်း ဖြတ်ပြီးသောအစွယ်ငုတ်တို့အား ယူ၍ထွက်သွားလေတော့၏။

ယုတ်မာသောမုဆိုးလည်း ဆင်မင်း၏မျက်စိတစ်ဆုံးကို လွန်လျှင်ပင် ယူဇနာပေါင်း နှစ်သိန်းလေးသောင်းအထုရှိသော မဟာပထဝီမြေကြီးသည် မြင်းမိုရ်တောင်၊ ယုဂန္ဓိုရ်တောင် စသောဝန်တို့ကိုလည်းကောင်း၊ ကျင်ကြီး၊ ကျင်ငယ်စသောစက်ဆုပ်ဖွယ်အသွယ်သွယ်တို့ကိုလည်းကောင်း ရွက်ဆောင်နိုင်စွမ်းရှိပါလျက် ထိုသူယုတ်၏ကျေးဇူးကန်းမှုကို မရွက်ဆောင်နိုင်စွမ်းသကဲ့သို့ ဟက်တက်ကွဲကာ အဝီစိငရဲမှ မီးတောက်မီးလျှံတို့ထွက်လာပြီး မိတ်ဆွေခင်ပွန်းအား ပြစ်မှားတတ်သော သူယုတ်မုဆိုးကို ရစ်ပတ်လွှမ်းခြုံကာ ယူသွားလေတော့သည်။

ဤဇာတ်တော်တွင် မုဆိုးသည် အတောမသတ်နိုင်သော လောဘ၊ ပင်ပန်းစေသော ဒေါသ၊ ကောင်းမှု/မကောင်းမှုကို ခွဲခြားမသိသော မောဟ၊ သူတော်ကောင်းကို ပစ်မှားမိသောအကုသိုလ်ကံတို့အား ရင်းနှီးမြှုပ်နှံမိ၍ အဝီစိ၌ကျရောက်ရလေတော့သည်။ အလောင်းတော်ဆင်မင်းသည်ကား မိမိရည်ရွယ်ရာဖြစ်သော သဗ္ဗညုတဉာဏ်တော်အကျိုးငှာ အစွယ်မြတ်အား အရင်းတည်၍ ဒါနပါရမီ၊ ခန္တီပါရမီ၊ မေတ္တာပါရမီတို့အား ဖြည့်ကျင့်ရင်းနှီးမြှုပ်နှံလေသောကြောင့် နောင်အခါ သဗ္ဗညုတဉာဏ်

စာမျက်နှာ ၁၃ သို့ -



စာမျက်နှာ ၁၂ မှ-

ရှင်ဖြစ်တော်မူလေသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း သာသနာနှင့် ကြုံကြိုက်နေတုန်း ပါရမီထိုက်သော ဒါန၊ သီလ၊ ပညာတို့ဖြင့် ရင်းနှီးမြှုပ်နှံရာ၏။ သို့မဟုတ် ပါက ဖြစ်ရသောလူ့ဘဝခဏ ကောင်းမှုအရင်းပြုတ်ကာ ရင်းနှီးမြှုပ်နှံမှုမှား ယွင်းသွားမည်ဖြစ်သည်။

မြတ်စွာဘုရားက 'မစင်လူးသော ယောက်ျားသည် ရေပြည့်သောတစ် ဖက်ဆည်ကန်ကို တွေ့မြင်ပါလျက် ထိုတစ်ဖက်ဆည်ကန် သွားရာလမ်းကို မရှာမှီးအံ့။ ထိုအပြစ်သည် တစ်ဖက်ဆည်ကန်၏ အပြစ်မဟုတ်သကဲ့သို့။

ရန်သူဝန်းရံထားခံရသော ယောက်ျားသည် ပြေးသွားရန်လမ်းခရီးရှိပါလျက် မပြေးဘဲနေငြားအံ့။ ထိုအပြစ်သည် လမ်းခရီး၏အပြစ် မဟုတ်သကဲ့သို့။

အနာရောဂါရှိသော ယောက်ျားသည် ဆေးဆရာရှိနေပါလျက် ထိုအနာရောဂါကို မကုစေဘဲနေငြားအံ့။ ထိုအပြစ်သည် ဆေးဆရာ၏အပြစ် မဟုတ်သကဲ့သို့။

ဤသာသနာအတွင်း၌ မကောင်းအညစ်အကြေး လူးထားသော၊ သေမင်းရန်သူဝန်းရံထားခံရသော၊ အိုခြင်း၊ နာခြင်းရောဂါရှိသော ယောက်ျားသည် တရားတည်းဟူသောရေစင်ရှိပါလျက်၊ သေမင်းမလိုက်နိုင်သော နိဗ္ဗာန်သို့သွားရာ မဂ္ဂင်လမ်းခရီးရှိပါလျက်၊ အိုနာသေ အနာရောဂါဟူသမျှပျောက်ကင်းရာ ဓမ္မဆေးဖြင့်ကုသပေးသောသံဃာတော်များ ရှိပါလျက် တရားတည်းဟူသော ရေစင်ဖြင့် မဆေးကျောဘဲ နေငြားအံ့၊ မဂ္ဂင်လမ်းခရီးမှမသွားဘဲ နေငြားအံ့၊ သံဃာတော်တို့၏ ဓမ္မဆေးဖြင့် မကုစေဘဲနေငြားအံ့။ ထိုအပြစ်သည် ဤသာသနာတော်၏ အပြစ်မဟုတ်ဘဲ ထိုယောက်ျား၏ အပြစ်သာဖြစ်လေသည်' ဟူသောသဘောကို ဆုံးမထားလေသည်။

ထို့ကြောင့် မြတ်စွာဘုရား၏ လမ်းညွှန်ချက်ဖြစ်သော ဒါန၊ သီလတို့ကို အရင်းတည်၍ သီလ၊ သမာဓိ၊ ပညာတို့ကို ပါရမီထိုက်အောင် ရင်းနှီးမြှုပ်နှံနိုင်ကြစေရန် တင်ပြတိုက်တွန်းလိုက်ရပါတော့သတည်း။

**ကျမ်းကိုး -ငါးရာငါးဆယ်ဇာတ်**
**နိပါတ်**
**သီလဝနာဂရာဇဇာတ်**



# မြန်မာ့သရက်သီးကို ပြည်ပဈေးကွက်သို့ တိုးချဲ့တင်ပို့မည်

မြန်မာ့သရက်သီးကို ဈေးကွက်သစ်အနေဖြင့် ဂျပန်၊ ယူအေအီးနှင့်ရုရှားနိုင်ငံများသို့ ယခု ဘဏ္ဍာနှစ်တွင်စတင် တင်ပို့မည်ဖြစ်ကြောင်း သရက်သီးအစုအဖွဲ့မှသိရသည်။

ယင်းဈေးကွက်များသို့ တင်ပို့နိုင်ရန် ပိုးမွှားကင်းစင်ကြောင်း လက်မှတ်ရရှိရန်လိုအပ်ပြီး အဆိုပါလက်မှတ်ကို စိုက်ပျိုးရေးဌာနတွင် လျှောက်ထားရမည်ဖြစ်သည်။ စိုက်ပျိုးရေးဌာနက စစ်ဆေးခွင့်ပြုပြီးမှသာ တင်ပို့နိုင်မည့်အပြင် ဓာတုဓာတ်ကြွင်းကင်းစင်ကြောင်း လက်မှတ်ပါရှိရန်လိုအပ်ပြီး ဝယ်ယူမည့်နိုင်ငံက သတ်မှတ်တောင်းဆိုသည့်အချက်များပြည့်စုံမှ တင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့သရက်မျိုးများထဲတွင် စိန်တစ်လုံးသရက်သီးကို ပြည်ပဝယ်လက်များ ကြိုက်နှစ်သက်မှုအများဆုံးဖြစ်သည်။ လက်ရှိတွင် ပင်လယ်ရေကြောင်းမှ စင်ကာပူ၊ ကိုရီးယားနှင့်မလေးရှားနိုင်ငံသို့ အဓိကထားတင်ပို့ပြီး နယ်စပ်လမ်းကြောင်းမှ တရုတ်နိုင်ငံသို့တင်ပို့ကြောင်း သိရသည်။ သရက်သီးတင်ပို့ရာတွင် အသီးအရွယ်အစားနှင့် အမျိုးအစားပေါ်မူတည်ပြီး တစ်တန်လျှင် ကျပ်ငါးသိန်းမှ ၁၂ သိန်းကြားရရှိကြောင်း သိရသည်။

**စံမျိုးထက်**

# ကျပ် ၅၀၀ တန်ထီ ဈေးနှုန်းပိုမိုရောင်းချ၍ တိုင်ကြားမှု မန္တလေးအများဆုံးဖြစ်

ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ဈေးကွက်အတွင်း သတ်မှတ်ဈေးနှုန်းထက် ပိုမိုရောင်းချသည့်အတွက် ပြည်သူများ၏တိုင်ကြားမှုတွင် မန္တလေးတိုင်းဒေသကြီး၌အများဆုံးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးက ဒုတိယအများဆုံးဖြစ်ကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေ သိန်းဆုဌာနခွဲမှသိရသည်။

ကျပ် ၅၀၀ တန်ထီလက်မှတ်များကို ပုံမှန်ဈေးနှုန်းထက်ပိုမိုရောင်းချခဲ့သည့်အတွက် ပြည်သူများကတိုင်ကြားခဲ့ရာတွင် မန္တလေးတိုင်းဒေသကြီး၌ ၃၈ မှု၊ ရန်ကုန်တိုင်းဒေသကြီး၌ ၃၆ မှု၊ ပဲခူးတိုင်းဒေသကြီး၌ ၁၃ မှု၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၁၀ မှု၊ မကွေးတိုင်းဒေသကြီး၌ ၉ မှုနှင့်ဧရာဝတီတိုင်းဒေသကြီး၌ ၅ မှု၊ ရှမ်းပြည်နယ်တွင် ၄ မှု၊ တနင်္သာရီတိုင်းဒေသကြီးတွင် ၃ မှု၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ၂ မှုစီ၊ ကချင်ပြည်နယ်တွင် ၁ မှု၊ စုစုပေါင်း တိုင်ကြားမှု ၁၂၃ မှုဖြစ်သည်။



တိုင်ကြားမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်တွင်းအခွန်များဦးစီးဌာန၊ အောင်ဘာလေသိန်းဆုဌာနခွဲများ၏ အစီအစဉ်ဖြင့် ဆွဲဆောင်စည်းရုံး ဝန်ခံကတိလက်မှတ်ရေးထိုးခြင်း နည်းများဖြင့် အရေးယူထားသည်။ ထပ်မံတိုင်ကြားခံရသူများကို အာမခံကြေးသိမ်းခြင်းနှင့် လစဉ်ထီစာအုပ်များဝယ်ယူခြင်းတို့ကို ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်းသိရသည်။

**စံမျိုးထက်**

# ဘောလုံးချစ်သူများ ဝမ်းမြောက်ဖွယ်

အားကစားနည်းများစွာအနက် ဘောလုံးအားကစားနည်းကိုတော့ ကြီး/ငယ်၊ ကျား/မ မရွေး လူအတော်များများက နှစ်သက်ကြပါတယ်။ မြန်မာနိုင်ငံက ဘောလုံးချစ်သူများအတွက် ရင်ခုန်လှုပ်ရှားရမယ့် နေ့တွေကတော့ မကြာခင်မှာရောက်ရှိလာတော့မှာပါ။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေနဲ့ အာရှ ယူ-၂၃၊ ယူ-၁၆ ခြေစစ်ပွဲတွေနဲ့အာဆီယံ ယူ-၁၈ ပြိုင်ပွဲတွေကို အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားဖို့ရှိတယ်ဆိုတဲ့ သတင်းက ဘောလုံးချစ်သူတွေအတွက် မင်္ဂလာသတင်းကောင်းပါပဲ။

အာရှ ယူ-၂၃ ခြေစစ်ပွဲကိုတော့ ရန်ကုန်မြို့ သုဝဏ္ဏကွင်းမှာ ဇူလိုင်လ ၁၉ ရက်ကနေ ၂၃ ရက်နေ့အထိ၊ အုပ်စု ၁၀ စုခွဲပြီး ကျင်းပသွားမှာဖြစ်ပြီး မြန်မာအသင်းကတော့ ဩစတြေးလျ၊ စင်ကာပူ၊ ဘရူနိုင်းတို့ပါဝင်တဲ့အုပ်စု (F) မှာ ပါဝင်ကစားသွားရမှာပါ။ အဲဒီအုပ်စု (၁၀) စုထဲက ထိပ်ဆုံး ၁၀ သင်းနဲ့အုပ်စုအကောင်းဆုံး ဒုတိယနေရာရ ၅ သင်းတို့ကတော့ ခြေစစ်ပွဲအောင်မြင်မှာပါ။

အာရှ ယူ-၁၆ ခြေစစ်ပွဲကိုတော့ ကျင်းပမယ့် ကွင်းမရွေးချယ်ရသေးပေမယ့် စက်တင်ဘာလ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အထိ ကျင်းပမယ်လို့ သိရပြီး မြန်မာအသင်းအနေနဲ့ တောင်ကိုရီးယား၊ တရုတ်၊ ဖိလစ်ပိုင်တို့နဲ့ တစ်အုပ်စုတည်းကျတယ်လို့ သိရပါတယ်။

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမယ့် အာဆီယံ ယူ-၁၈ ပြိုင်ပွဲကိုတော့ စက်တင်ဘာလ ၄ ရက်နေ့မှ ၁၇ ရက်နေ့အထိ ရန်ကုန်မြို့ သုဝဏ္ဏကွင်းနဲ့အောင်ဆန်းကွင်းတို့မှာကျင်းပသွားမှာဖြစ်ပြီး အုပ်စု (က) မှာ ထိုင်း၊ တီမော၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအို၊ အုပ်စု (ခ) မှာ ဗီယက်နမ်၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဘရူနိုင်း၊ ဖိလစ်ပိုင်တို့ ပါဝင်ပါတယ်။

မြန်မာအသင်းပါဝင်နေတဲ့ အုပ်စု (ခ) ရဲ့ အနေအထားအရ ဗီယက်နမ်နဲ့ အင်ဒိုနီးရှားအသင်းနှစ်သင်းကိုတော့ အကြိတ်အနယ်ကစားရဖွယ်ရှိပြီး ခုနောက်ပိုင်းကစားအားတက်လာနေတဲ့ ဖိလစ်ပိုင်အသင်းကိုလည်း လျှော့တွက်လို့မရတာကြောင့် အုပ်စုကျပ်တယ်လို့ ပြောနိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်မြေ၊ ကိုယ့်ပရိသတ်တွေရှေ့မှာ ကစားရတဲ့ ၂၀၀၃ ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ထားခဲ့တဲ့ မြန်မာအသင်းအနေနဲ့ကာလအတန်ကြာက ဆုဖလားကြီးပြန်လည်ရယူဖို့ အခွင့်အလမ်းရှိနေတာကတော့ အသေအချာပါပဲ။

ဒါပေမဲ့လည်း ဘောလုံးဆိုတာက 'အလုံးကြီး' ဆိုတော့ ဝမ်းသာရမလား၊ ဝမ်းနည်းရမလား၊ ဘောလုံးချစ်ပရိသတ်များ ကြိုတင်ရင်ခုန်ကြစေဖို့ သတင်းစကားပါးလိုက်ပါတယ်။

**ကိုလေး**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ငယ်စာရင်းဖျက်တယ်

သူ့မောင်တော်၊ ကြင်ယာတော် ကနောင်မင်းသားကြီး၏ တိုင်းရေး ပြည်ရာကိုနားမလည်တဲ့ 'မောင်တော်၊ လှိုင့်ကို စိမ်းကားတယ်။ ပစ်ထား တယ်။ ရက်စက်တယ်' ဟုအနုပညာ သမားပီပီ လွတ်လပ်စွာစိတ်အလို လိုက် အကဲပါချင်သော လှိုင်ထိပ် ခေါင်တင်မိဖုရားခမျာ မောင်တော် ဘုရား၏ ကြိမ်းမောင်းမာန်မဲခံရရှာပါ သည်။

'တယ် ဒီမိန်းမ၊ ငါ့လက်သုံးတော် ဓါးနဲ့ ခုတ်သတ်မိတော့မယ်' ဟု ကြိမ်း မောင်းမာန်မဲခံရရှာ၏။ နုနုနွဲ့နွဲ့ အချစ်ဗဟိုပြု အနုပညာသမား လှိုင် ထိပ်ခေါင်တင်မိဖုရား ဝမ်းနည်းကျေ ကွဲစရာ၊ ဖြေမဆည်နိုင်စရာဖြစ်ကုန် ၏။ သို့သော် အနုပညာသမား၊ တေး ဂီတသမား၊ အိမ်ရှေ့မိဖုရား လှိုင် ထိပ်ခေါင်တင်က ခပ်တင်းတင်းနှင့် -

'မောင်တော့်ဆောင်ဓါးနဲ့ လှိုင့်ကို ပိုင်းသတ်ရဲတယ်၊ ရက်စက်ရဲတယ် ဆိုရင် ဒီတစ်သက်မဟုတ်။ ဆယ်ပြန် အသက်ကိုလေး ပေးဆက်တော့ နိုင်' ဟု တင်းမာပြတ်သားစွာ ကြေ ညာချက်ထုတ်ပြန်၏။ မောင်တော်၏ ပြစ်တင်မာန်မဲခံရမှုကို ကြေကွဲ ဝမ်းနည်းနေရှာသော လှိုင်ထိပ်ခေါင် တင် အိမ်ရှေ့မိဖုရားက အနုပညာ သမားပီပီ ကြေကြေကွဲကွဲ စကားနာ ထိုးသည်မှာ 'ငယ်စာရင်း ဖျက်လိုက် တော့ဗျာ့' ဟူ၏။

ဘယ်အခြေအနေရှိရှိ၊ ဘယ် လောက်သံယောဇဉ်ရှိရှိ၊ ဘယ် လောက်ခင်မင်ကျွမ်းဝင်ပါစေ၊ ငယ် စာရင်းဖျက်ရသည့်အခြေအနေမှာ ဘဝတွင်ကြီးကျယ်သော အလှည့် အပြောင်းကြီးပင်။

သူငယ်ချင်းအပေါင်းအသင်း ချင်း၊ ချစ်သူရည်းစားချင်းများမှသည် ငယ်လင်ငယ်မယားချင်း၊ အနီးစပ်ဆုံး၊ အရင်းနှီးဆုံး၊ သံယောဇဉ်အရှိဆုံး လူချင်းပင်လျှင် သည်းမခံနိုင်ဖြစ်ကာ ငယ်စာရင်းဖျက်၍ ကွဲကွာကြေကွင်း မှု၊ ခွဲခွာကျောခိုင်းပြတ်စဲမှု၊ တစ်ကမ္ဘာ ခြားအောင် ဖွတ်နှစ်အားထုတ်ရင်ဆိုင် ရတတ်မှုများရှိပါသည်။ ငယ်စာရင်း ဖျက်ရမှုမှာ ကြီးကျယ်ပါသည်။

ကျွန်တော့်ဘဝအတွေ့အကြုံ တွင် ကြေကွဲစရာငယ်စာရင်းဖျက်မှု ကို ကြုံတွေ့ရသည်မှာ ကျွန်တော်နှင့် အနီးကပ်ဆုံး အဖေအမေတို့ဇနီး မောင်နှံဖြစ်ပါသည်။ ငပိငါးခြောက် ကုန်သည်လုပ်ရာမှ စီးပွားပျက်ရုံမက လူပါပျက်စီးကာ ဘိန်းစွဲနေသူအဖေ့ အား အမေက-

'ကျွန်မရဲ့သားလေးယောက် မျက်နှာကိုထောက်ပြီး ကျွန်မ ဘိန်း စားမယားမလုပ်နိုင်ဘူး။ အစ်ကို ဘိန်း ကိုဖြတ်ကိုဖြတ်ရမယ်။ အစ်ကိုဘိန်း ကိုမပြတ်ရင် ကျွန်မတို့သားအမိဘက် က ပြတ်မယ်။ ကျွန်မကို အဆိုးမဆို နဲ့ ကျွန်မဘက်ကပြတ်မယ်။ ရေစက် ကုန်မယ်' ဟု အဖေ့အား ရာဇသံပေး ပါသည်။

ဆယ့်ငါးနှစ်သမီး အရွယ်ကလေး နှင့် တစ်ရွာသားအဖေ့နောက် ခိုးရာ လိုက်ခဲ့ခြင်းကြောင့် အမေ့အဖေ (ကျွန်တော့်အဖိုး) က အမေ့အား စိတ်ဆိုးကာ သေခန်းပြတ်အလုပ်ခံရ ပါသည်။ စိတ်ကြီး၍ လုပ်ရဲရင်ခံရဲ သည့်စိတ်မာန်ရှိသော အမေကလည်း နှစ်မိုင်ကျော်သာဝေးသည့် ဇာတိရွာ သို့ယောင်၍မှ ခြေဦးမလှည့်တော့ ချေ။ ကျွန်တော်သိတတ်၊ မှတ်တတ် သည့်အရွယ်ရောက်မှ အမေ့အဖေ ကျွန်တော့်အဖိုး ကွယ်လွန်ဆုံးပါး၍ အစ်မနှစ်ဦး လာခေါ်ကြခြင်းကြောင့် သာ ဇာတိရွာသို့ပြန်ရောက်ကာ မိသားစုထဲသို့ ပြန်ဝင်ပါသည်။

အမေ့မှာအဖေ့အား ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် ငယ်လင်ငယ် မယား သားလေးယောက်ရသည်အ ထိ ပေါင်းဖူးသည့်သံယောဇဉ်အမျှင် တန်းက လင်ဆိုးမယားတဖားဖား ဖြစ်ရရှာပါသည်။ အမေစိတ်ရှည် သည်းခံကာ အဖေ့ကိုစောင့်ကြည့်ရင်း က သမီးထွေးတစ်ယောက် ထပ်မွေး ရပြန်တော့မှ အမေနားလည်သွားရ ပါတော့သည်။ စားအိုးပိုကြီးကာ ဒုက္ခ ပိုများစရာ ဖိစီးမှုပိုဖြစ်ကုန်၏။

ထို့ကြောင့် ဘုစုခရုသားသမီး တစ်အုပ် စားအိုးစားခွက်အနည်းငယ် ခြေဗလာလက်ဗလာနှင့် အိမ်ထောင် ရေးကို အရှုံးနှင့်ပိုင်းကာ ဇာတိရွာသို့ ပြန်ပြေးပါတော့သည်။ အမေ့အား သမီးရင်းလိုချစ်သော ယောက္ခမ အမေ၊ ကျွန်တော့်အဖွားအား-

'အစ်ိ ကျွန်မ ဒီရွာမှာလုပ်မစား တတ်ပါဘူး။ ကိုယ့်ရွာမှာဆိုရင် ကျွန်မ လုပ်စားတတ်ပါတယ်။ အားကိုးအား ထားဆွေမျိုးများရှိပါတယ်။ ကျွန်မ သားတွေနဲ့လုပ်စားမှာပါ။ အားကိုးမရ တော့တဲ့အစ်ကို့ကို အားကိုးမနေ တော့ပါဘူး။ သူ့ဘာသာ သူ့ဘိန်းနဲ့ပဲ နေပါစေတော့။ ကျွန်မဘက်က ရေစက်ကုန်ပါပြီ။ သံယောဇဉ်ပြတ် ပါပြီ။ နောက်လင်ယူတာ ဘာညာ မဖြစ်စေရပါဘူး။ ခြောက်တန်း အောင်ထားတဲ့ သားကြီးကို အရီးဆီ မှာ ခုနစ်တန်းတက်ဖို့ တစ်နှစ်ထားခဲ့ ပါရစေ' ဟု နှစ်တစ်ဒါဇင်ကျော် အား ကိုးအားထားပြုခဲ့သော ယောက္ခမ အမေအားနှုတ်ဆက်၏။ ကတိ စကားများ အထပ်ထပ်ပြော၏။ အစီ အမံများလုပ်၏။

အဖွားခမျာ မျက်ရည်တစမ်း စမ်းနှင့်ပင်။ သားလူဆိုးကြောင့် ချစ် စရာမြေးတစ်အုပ်နှင့် ဒုက္ခများရှာ သော ချွေးမကိုကြည့်ကာ ဖြေမဆည် နိုင်ဖြစ်၏။ ဤကား ကျွန်တော့်အမေ ၏ အဖေနှင့်ရေစက်ကုန်မှု၊ ရေစက် ဖြတ်မှု၊ ငယ်စာရင်းဖျက်မှု ဘဝအတွေ့ အကြုံမှတ်မှတ်ရရ နှလုံးသားတွင် စွဲ ထင်နေသောဖြစ်စဉ်ဖြစ်ရပ်တည်း။

× × ×

အဖွားထံတွင် ခုနစ်တန်းတစ်နှစ် နေပြီးနောက် ကျွန်တော်သည် ၁၄



နှစ်ကြာနေထိုင်ကြီးပြင်းခဲ့သည့် ဇာတိ ဟင်းခရော်ရွာကို ငယ်စာရင်းဖျက် ကာ အမေ့ဇာတိရွာသို့သွား၍ အမေ နှင့်သွားရောက်ပေါင်းစည်းရ၏။ ဘဝ ပေးအခြေအနေအရ ကိုင်းချောင်း ရွာသားလုပ်ရပါတော့သည်။

ကံကြမ္မာက သည်လိုပင် ဖန် လာပေသကိုး။ ကျွန်တော်၏သိမှတ် ချက်၊ နားလည်ချက်၊ တွေးခေါ်မြော် မြင်ချက်အရ လူသည်စီးပွားရေးကို နာခံရ၏။ ဘဝပေးအခြေအနေ ကံ ကြမ္မာကိုနာခံရ၏။ ဘဝပိုင်းဆိုင်ရာ မိမိ၏အနေအထားကိုလည်း နာခံရ ပါသည်။ ခုနစ်တန်းအောင်ထား သောကျွန်တော် ကိုင်းချောင်းရွာတွင် အတန်းစာအတတ်ဆုံး၊ ဒေသအ တွင်းအမြင့်ဆုံး စာတတ်ပေတတ် ကျွန်တော် အမေနှင့်အတူ ကြုံရာကျ ပန်း ပုံကျလုပ်စားရသူဖြစ်သွားပါ သည်။

ကျွန်တော်ချစ်သူ ရည်းစား ပေါင်းများစွာနှင့် ကွဲဖူးပါသည်။ မကြာမကြာ ငယ်စာရင်းဖျက်ခံရသူ ဟုဆိုနိုင်ပါသည်။ တစ်မိသားနှင့် တစ်မိသား၊ ယောကျ်ားနှင့်မိန်းမ ဖူး စာစုံဖြစ်ရေးမှာ နတ်ကြီးဟန်တူပါ သည်။ မကြာမကြာ ကံဖယ်၏၊ ကံ ခေ၏၊ တည့်လွဲ လွဲ၏။ သည်တော့ ကွမ်းရွက်နှင့်ဆား၊ လွမ်းလျက်နှင့် သွား လုပ်ရ၏။ ငယ်စာရင်းဖျက်ကြ ရ၏။

၁၉၆၆ ခုနှစ် နှစ်ကုန်ပိုင်းက ကျွန်တော်သည် ပြည်မရှိပန်းတောင်း -ဆင်တဲ (ကပစ) တွင် စစ်သားလုပ် ရန် ၁၆ နှစ်ကျော်ကြာနေခဲ့ရသည့် ဇာတိဒေသအား ငယ်စာရင်းဖျက်ကာ ကျောခိုင်းစွန့်ခွာသူ လုပ်ခဲ့ရပါသည်။ ခြေဗလာ၊ လက်ဗလာနှင့် ကြုံရာကျ ပန်းပုံကျအဖြစ် ရုန်းကန်နေရသူ ကျွန်တော့်အဖို့ ခုနစ်တန်းအောင် ပညာရေးနှင့်လက်လှမ်းမီသော ကပစ စစ်သားအလုပ်မှာ တစ်ခုတည်းသော ဘဝထွက်ပေါက်ပေကိုး။

ငယ်စာရင်းဖျက်ရမှုမှာ လူ့ဘဝ တွင် မကြာမကြာကြုံကြိုက်ဆုံဆည်း ရမှုမျိုးသာဖြစ်ပါသည်။ မလွဲမရှောင် သာသည့် လူ့အရေးအရာများဟု ဆို ရပါမည်။ အရည်အချင်းစစ်စာမေး ပွဲတစ်ရပ်အောင်မြင်ကာ တပ်ကြပ် ကြီးစာရေးဖြစ်သွားသော ကျွန်တော် သည် ၁၃ နှစ်ကြာ တာဝန်ထမ်း ဆောင်ခဲ့သော မိခင်တပ်ဖွဲ့ကပစ (၃) စက်ရုံကို ငယ်စာရင်းဖျက်ကာ စက်မှု သင်တန်းကျောင်း (ဆင်တဲ) သို့ ကစလ အရပ်ဘက်တာဝန်ထမ်း ဆောင် ရသူဖြစ်သွားပါသည်။ မဖျက် ချင်လည်းဖျက်၊ ဖျက်ချင်လည်းဖျက် ဖက်တွယ်လို၍ မရချေ။ တာဝန်ကိုး။

ဝါသနာအရ တာဝေးအပြေး သမားအလုပ်ကို နှစ်ပေါင်း ၂၀ ခန့် ကြာ ပြိုင်ဘက်များနှင့် စဟယ်နောက် ဟယ်၊ ကလိဟယ်ရိဟယ် ပျော်ပျော် ပါးပါး လေ့လာလိုက်စားလာခဲ့သော ကျွန်တော်သည် အသက် ၃၅ နှစ် အရွယ် ငယ်ဂုဏ်ငယ်အားကုန်ကာ နေဝင်ချိန်သို့ရောက်သွားပါသည်။

လူငယ်ခြေတက်များကို မယှဉ် နိုင်၊ မမီနိုင်တော့ဘဲ တာဝေးအပြေး အားကစားအား ငယ်စာရင်းဖျက် လိုက်ရ၏။ ဘယ်လိုမှဖက်တွယ်ထား ၍မရတော့၊ မဖြစ်နိုင်တော့ချေ။

၁၉၉၃ ခုနှစ် စက်မှုသင်တန်း ကျောင်း (ဆင်တဲ) တွင် အရပ်ဘက် တာဝန်ထမ်းဆောင်ရင်းက စစ်သက် ၂၇ နှစ်အရောက်၌ တပ်ခွဲတပ်ကြပ် ကြီးရာထူးအဆင့်နှင့် စစ်ဘက်မှ အငြိမ်းစားယူကာ စစ်ဘက်နှင့် ငယ်စာရင်းဖျက်လိုက်ရပြန်ပါသည်။ အရပ်သား ကစလဝန်ထမ်းသီးသန့် ဖြစ်သွား၏။

စက်မှုဝန်ကြီးဌာနတွင် ၁၇ နှစ် ကြာ တာဝန်ထမ်းဆောင်ပြီးနောက် ၂၀၁၀ ခုနှစ်အရောက်တွင် အလုပ်ရုံ စုမှူးရာထူးအဆင့်နှင့် အသက် ၆၀ ပြည့်သွားကာ ဝန်ထမ်းအလုပ်အား ငယ်စာရင်းဖျက်ကာ သက်ပြည့်ပင်စင် စားကြီးဖြစ်သွား၍ လုံးဝအငြိမ်းစား ဖြစ်သွားပါတော့သည်။


ငယ်စာရင်းဖျက်ရမှုမှာ အဆန်း တကျယ်ကိစ္စကြီးတော့ ဟုတ်ဟန် မတူချေ။ နွဲ့ပျော့ဖတ်၍ ပန်းနု ရောင်အသက်နှင့် လူများ၏စိတ်ခံစား ချက်များကို ကျွန်တော်နားမလည်လှ ချေ။ သို့သော် သေချာသည်မှာ ဘဝ ကံကြမ္မာအကျိုးပေးက ငယ်စာရင်း ဖျက်ခိုင်းလျှင် အာခံမရ၊ နာခံကြရ မည်သာဖြစ်ပါသည်။ အသက်နှင့် ကိုယ်ခန္ဓာပင် ငယ်စာရင်းဖျက်ကာ သေပွဲဝင်ကြရဦးမည်မဟုတ်ပါလား။

**စိမ်းစိုးဦး**

# ကမ္ဘာ့ဘဏ်မှ မန္တလေးတိုင်းဒေသကြီးအတွင်း လုပ်ငန်းများဆောင်ရွက်မှု ပြန်လည်သုံးသပ်ဆွေးနွေး

**သီဟကိုကို (မန္တလေး)**

မြန်မာနိုင်ငံနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ ၂၀၁၅-၂၀၁၇ မူဘောင်ချမှတ်ကာ ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးနှင့် ပြည်သူများအတွက် ထိရောက်သည့်စနစ်ယန္တရားပေါ်ပေါက်လာစေရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရန် အားကောင်းခိုင်မာသည့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာစေရေး ရည်ရွယ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၅-၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ဘဏ်မှ မန္တလေးတိုင်းဒေသကြီးတွင် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုပြန်လည်ထူထောင်ရေး၊ ကျေးလက်မီးလင်းရေး၊ တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားအပြည့်အဝရရှိစေရေး၊ လူထုဗဟိုပြုစီမံကိန်းစိုက်ပျိုးရေး၊ ဧရာဝတီမြစ်ဝှမ်းဘက်စုံဖွံ့ဖြိုးရေး၊ မိုက်ခရိုစီးပွားရေးနှင့်ဘဏ္ဍာရေးတည်ငြိမ်စေရေး၊ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေး၊ အလုပ်အကိုင်ဖန်တီးပေးနိုင်ရန် အားကောင်းခိုင်မာသည့်ပုဂ္ဂလိကစီးပွားရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးရေး စီမံကိန်းများအား အမေရိကန်ဒေါ်လာ ၁,၇၁၆ သန်း လျာထားဆောင်ရွက်ခဲ့သည်။



မန္တလေးတိုင်းဒေသကြီးအတွင်း ကမ္ဘာ့ဘဏ်မှလုပ်ငန်းများဆောင်ရွက်မှုပြန်လည်သုံးသပ်ဆွေးနွေးပွဲကို ဇွန်လ ၂၀ ရက်နေ့ မွန်းလွဲ ၁ နာရီက မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၇၈ လမ်းနှင့် ၃၈ လမ်းထောင့်ရှိ ဟိုတယ်မန္တလေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တက်ရောက်အမှာစကားပြောကြားပြီး ကမ္ဘာ့ဘဏ်မြန်မာနိုင်ငံတာဝန်ခံက မန္တလေးတိုင်းဒေသကြီးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ပြောကြားသည်။

ကမ္ဘာ့ဘဏ်အနေဖြင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လူဦးရေတိုးတက်လာသောကျေးလက်ဒေသများတွင် လမ်း၊ တံတား၊ အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ ကျေးလက်မီးလင်းရေးဆောင်ရွက်ပေးနိုင်ခြင်း၊ ၂၀၁၅ ခုနှစ် ရေကြီးရေလျှံမှုကြောင့်ပျက်စီးခဲ့သည့် လမ်းအရှည် ကီလိုမီတာ ၂၀၀ ပြန်လည်တည်ဆောက်ခြင်း၊ တောင်သူများအတွက် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေခြင်း၊ ဧရာဝတီမြစ်ဝှမ်း ဘက်စုံလေ့လာဆန်းစစ်ခြင်း၊ ကျွမ်းကျင်သားဖွားဆရာများအကူအညီဖြင့် မွေးဖွားသည့်ကလေးဦးရေ များပြားလာခြင်း၊ မွေးကင်းစကလေးငယ်များနှင့် မိခင်များအတွက် မီးဖွားပြီးကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ရရှိလာခြင်း၊ ကျောင်းသားကျောင်းသူ နှစ်သိန်းခန့် ပညာသင်ထောက်ပံ့ကြေးပေးနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား ၃၄၀ မီဂါဝပ် တိုးတက်ထုတ်နိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေပြဋ္ဌာန်းနိုင်ခြင်း၊ အမေရိကန်ဒေါ်လာ သန်းတစ်ထောင်နှင့်ညီမျှသော အသေးစားချေးငွေအတွက် SME ငွေရေးကြေးရေးအကူအညီများ ပေးနိုင်ခဲ့ကြောင်းသိရသည်။

မျက်နှာဖုံးမှ-

# နေပြည်တော်တွင် ၂၀၁၇-၂၀၁၈ ခုနှစ်၌ ဝန်ထမ်းအိမ်ရာ ၄၃ လုံး ဆောက်လုပ်သွားမည်

နေပြည်တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ငွေကျပ် ၁၆ ဘီလီယံခန့်အသုံးပြု၍ ဝန်ထမ်းအိမ်ရာ ၄၃ လုံး ဆောက်လုပ်သွားမည်ဖြစ်ပြီး နိုင်ငံ့အငြိမ်းစားဝန်ထမ်းများအတွက် အိမ်ရာနှင့်နိုင်ငံ့ဝန်ထမ်းအငှားအိမ်ရာများလည်း ဆက်လက်ဆောက်လုပ်ရန် အကောင်အထည်ဖော်နေသည့်အစီအစဉ်ရှိကြောင်း နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းကပြောသည်။

အဆင့်မြင့်ပညာရေးများကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးသင်ကြားနိုင်သည့်အခွင့်အလမ်းများ၊ နိုင်ငံတကာအဆင့်မီပညာရေးအဆောက်အအုံများတည်ရှိရာ ဗဟိုချက်အဖြစ်ဖြည့်ဆည်းဖော်ထုတ်ရန်၊ အိမ်နီးချင်းနိုင်ငံများနှင့်ချိတ်ဆက်ပေးနိုင်သည့် ဗဟိုလေကြောင်းသယ်ယူပို့ဆောင်ရေးဆိုင်ရာမြို့တော်အဖြစ်ဖော်ထုတ်ရန်၊ ရာသီဥတုပြောင်းလဲမှုဒဏ်ခံနိုင်ရည်အား ဖြည့်ဆည်းထားသည့် မြို့တော်အဖြစ်ဖော်ထုတ်ရန် စသည့်အခြေခံမူများအပေါ်မူတည်ပြီး နေပြည်တော်ကိုတည်ဆောက်ရန်စီစဉ်ဆောင်ရွက်နေပါကြောင်း ဇွန်လ ၂၇ ရက်နေ့ကကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဒက္ခိဏသီရိမဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၏မေးခွန်းကိုဖြေကြားရာ၌ နေပြည်တော်ကောင်စီဝင် ဦးအောင်မြင်ထွန်းက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

**ကိုလေး**

# အလုပ်အကိုင်ပြပွဲများကို အလုပ်အကိုင်အတွေ့အကြုံရှိပြီးသား ပညာရှင်များပါ စိတ်ဝင်စားလာ

အလုပ်အကိုင်ပြပွဲများကို အလုပ်အတွေ့အကြုံမရှိသေးသော လူငယ်များသာမက အလုပ်အကိုင်အတွေ့အကြုံရှိပြီးသား ပညာရှင်များအနေဖြင့်လည်း ပိုမိုစိတ်ဝင်စားလာကြောင်း အလုပ်အကိုင်ပြပွဲစီစဉ်သူများနှင့် အလုပ်ခေါ်ယူနေသည့်ကုမ္ပဏီက တာဝန်ရှိသူများထံမှ သိရသည်။

ယခင်က အလုပ်အကိုင်ပြပွဲများကို ဘွဲ့ရပြီးစသူများနှင့်အလုပ်အတွေ့အကြုံမရှိသေးသော တက်သစ်စလူငယ်များသာ စိတ်ဝင်စားမှုရှိခဲ့ပြီး ယခုနောက်ပိုင်းတွင် အလုပ်အကိုင်ပြပွဲများ၏ အလုပ်အကိုင်အခွင့်အလမ်းရရှိမှုအပေါ် ယုံကြည်စိတ်ချလာမှုကြောင့် အတွေ့အကြုံရှိပြီးသား ပညာရှင်များအနေဖြင့် ပိုမိုစိတ်ဝင်စားလာကြသည်။

အဆိုပါအလုပ်အကိုင်ပြပွဲများကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်က စတင်ကာ တစ်နှစ်ကိုလေးကြိမ်ကျင်းပပေးနေခြင်းဖြစ်ပြီး ကုမ္ပဏီများ၏ခိုင်မာမှုနှင့်လစာပေးသော နှုန်းထားများအပေါ်မူတည်ကာ အလုပ်အတွေ့အကြုံရှိသူများအနေနှင့် လာရောက်လျှောက်ထားမှု များလာခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူတစ်ဦးဖြစ်သော ဦးဝေရာအောင်ထံမှ သိရသည်။

ပြည်တွင်းပြည်ပကုမ္ပဏီများနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများပူးပေါင်းပြီး အလုပ်အကိုင်ပြပွဲများကျင်းပလာခြင်းမှာ (၃၂) ကြိမ်မြောက်ရှိခဲ့ပြီး ပြပွဲများမှတစ်ဆင့် အလုပ်အကိုင်ရရှိမှု ၃၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းကြားရှိလာကြောင်း အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဌေးက ဆိုသည်။

မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများနှင့်ယှဉ်မည်ဆိုလျှင် လုပ်ခလစာညီလာသောကြောင့် အတွေ့အကြုံရှိပြီးသား လူများအနေဖြင့် ပြည်တွင်းတွင်လုပ်သော အလုပ်အကိုင်အခွင့်အလမ်းပြပွဲအပေါ် ပိုမိုကာစိတ်ဝင်စားလာခြင်းဖြစ်ကြောင်း MPT မှ HR Manager ဒေါ်မာလာအောင်က ပြောသည်။

အလုပ်အကိုင်ပြပွဲများတွင် လိုချင်သော လစာ၊ ရာထူးနှင့်အကျိုးခံစားခွင့်များကို တိုက်ရိုက်ဆွေးနွေးနိုင်ပြီး မိမိလိုချင်သောနေရာကို ရွေးချယ်လျှောက်ထားနိုင်သောကြောင့် အလုပ်အတွေ့အကြုံရှိသူများပါ လာရောက်လျှောက်ထားကြခြင်းဖြစ်ကြောင်း သိရသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု၌ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးမြို့နယ်ရုံးပေါင်း ၈၀ ဖွင့်လှစ်ခဲ့ပြီး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနေကြောင်းသိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင်ရှိသော မြို့နယ်ပေါင်း ၃၀၀ ကျော်တွင် ရုံးခွဲများမဖွင့်လှစ်နိုင်သေးသောကြောင့် အလုပ်သမားဦးရေ များပြားသောနေရာများကိုဦးစားပေးပြီး ကွင်းဆင်းဆောင်ရွက်ပေးနေကြောင်းသိရသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းပြီးကျင်းပသော ၂၀၁၇ ခုနှစ် ပထမအကြိမ်မြောက် ရန်ကုန်အလုပ်အကိုင်ပြပွဲတွင် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၀၀ ကျော်ခေါ်ယူခဲ့ပြီး အလုပ်အကိုင်ရရှိသူ ၃၄၀ ကျော်ရှိခဲ့ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

၂၀၁၇ ခုနှစ် ဒုတိယအကြိမ်မြောက် ရန်ကုန်အလုပ်အကိုင်ပြပွဲကို ဇွန်လ ၁၈ ရက်နေ့က ရန်ကုန်မြို့ရှိ Rose Garden Hotel တွင် ကျင်းပခဲ့ပြီး ကုမ္ပဏီပေါင်း ၃၀ ကျော် က အလုပ်အကိုင်အခွင့်အလမ်း ပေါင်း ၅၀၀ ကျော်ကို ခေါ်ယူသွားခဲ့ကြောင်း သိရသည်။

**အောင်ပိုင်မျိုး**

## ‘စက်မှုနှင့် အသက်မွေးပညာရှေ့လျှားသင်တန်း’ အမှတ်စဉ် (၄၂) သင်တန်းဖွင့်

စက်မှုဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ‘စက်မှုနှင့်အသက်မွေးပညာ ရှေ့လျှားသင်တန်း’ အမှတ်စဉ် (၄၂) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၆ ရက်နေ့၊ နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရေတံခွန်တောင်၊ စစ်မှုထမ်းဟောင်းလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး)၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုအမှုဆောင်အဖွဲ့ဒုတိယဥက္ကဋ္ဌ (၁) ဗိုလ်ချုပ်ငွေသိန်း (ငြိမ်း) နှင့်စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောအောင်တို့က သင်တန်းဖွင့်အမှာစကားများပြောကြားကြသည်။ အခမ်းအနားသို့ စစ်မှုထမ်းဟောင်းလေ့ကျင့်ရေးသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး) ကျောင်းအုပ်ကြီးနှင့် သင်တန်းကျောင်းမှနည်းပြဆရာ/ဆရာမများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ သင်တန်းတက်ရောက်ကြမည့်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၈ ဦးနှင့် အရန်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၁၇ ဦး၊ စုစုပေါင်းသင်တန်းသား ၃၅ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းတွင် ‘အခြေခံလျှပ်စစ်ပညာဘာသာရပ်’ ကို ဇွန်လ ၆ ရက်နေ့မှ ဇူလိုင်လ ၇ ရက်နေ့အထိလည်းကောင်း၊ ‘အခြေခံစက်ပြင်သင်တန်းဘာသာရပ်’ ကို ဇူလိုင်လ ၁၀ ရက်နေ့မှ ၂၁ ရက်နေ့အထိလည်းကောင်း ၁ လကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းသိရှိရသည်။




## ကျောက်စိမ်းနှင့်ကျောက်မျက်များ လွယ်ကူစွာဝယ်ယူနိုင်ရေး စပေါ်ငွေများ လျှော့ချပေးရန်စီစဉ်

**သီဟကိုကို (မန္တလေး)**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရေးကော်မတီက ကျင်းပမည့် (၅၄) ကြိမ်မြောက် မြန်မာ့ကျောက်



မျက်ရတနာပြပွဲတွင် ကျောက်စိမ်းကျောက်မျက်များ ပိုမိုလွယ်ကူစွာလာရောက်ဝယ်ယူနိုင်ရန်အတွက် နိုင်ငံခြားသားကျောက်မျက်ကုန်သည်များ ပေးသွင်းရသည့်ယူရိုစပေါ်ငွေများကိုလျှော့ချပေးရန် စီစဉ်လျက်ရှိသည်။ ယခင်က နိုင်ငံခြားသားကျောက်မျက်ကုန်သည်များ ကျောက်စိမ်းအရိုင်းတုံးဝယ်ယူမည်ဆိုပါက ယူရို ၅ သောင်း စပေါ်တင်ရပြီး ကျောက်မျက်ဝယ်ယူမည်ဆိုပါက ယူရို ၂ သောင်း စပေါ်တင်ရသည်။ (၅၄) ကြိမ်မြောက် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲမှ စတင်ပြီး နိုင်ငံခြားသားကျောက်မျက်ကုန်သည်များ ကျောက်စိမ်းအရိုင်းတုံးများ ဝယ်ယူလိုပါက ယူရို ၅ သောင်းအစား ယူရို ၂ သောင်းသို့လည်းကောင်း၊ ကျောက်မျက်အတွဲများ ဝယ်ယူလိုပါက ယူရို ၂ သောင်းအစား ယူရို ၁ သောင်းသို့ စပေါ်လျှော့ချ၍ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူခွင့်ပြုမည်ဖြစ်သည်။

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဩဂုတ်လ ၂ ရက်နေ့မှ ၁၁ ရက်နေ့အထိ နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမတွင် ကျင်းပမည်ဖြစ်ရာ ပြပွဲတွင်ကချင်ပြည်နယ် ဖားကန့်၊ လုံးခင်းကျောက်စိမ်းလုပ်ကွက်များမှထွက်ရှိသော ကျောက်စိမ်းအရိုင်းတုံးများ၊ ကျောက်စိမ်းအချောထည်များ၊ မိုးကုတ်ရတနာမြေမှထွက်ရှိသော ပတ္တမြား၊ နီလာကျောက်မျက်ရတနာများအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး ပြည်တွင်းပြည်ပကျောက်မျက်ကုန်သည်များ လာရောက်လေ့လာဝယ်ယူကြသည်။ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တရုတ်၊ တရုတ် (တိုင်ပေ)၊ အိန္ဒိယ၊ ထိုင်းနိုင်ငံများမှ ရတနာကုန်သည်များ အများဆုံးလာရောက်ဝယ်ယူကြကြောင်းသိရသည်။

## မြန်မာ့ရိုးရာမှန်ပန်းချီအနုပညာတည်တံ့ရေး စာတမ်းဖတ်ပွဲနှင့်ပြပွဲကျင်းပ

မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် အမေရိကန်ပြည်ထောင်စုမြောက်ပိုင်း အီလီနွိုက်တက္ကသိုလ်တို့ပူးပေါင်း၍ မြန်မာ့ရိုးရာမှန်ပန်းချီအနုပညာတည်တံ့ရေး စာတမ်းဖတ်ပွဲနှင့်ပြပွဲဖွင့်ပွဲကို ဇွန်လ ၂၀ ရက်နေ့၊ နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် သုတေသနစင်တာတွင် ကျင်းပခဲ့ရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ သမိုင်းဌာန ပါမောက္ခနှင့် တွဲဖက်ပါမောက္ခများ၊ သမိုင်းအထူးပြုဘွဲ့လွန်ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသီတာဝင်းနှင့်အီလီနွိုက်တက္ကသိုလ်မှ Dr. Catherine Raymond တို့က ပြပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် မန္တလေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်တို့မှဆရာ/ဆရာမများ၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများ၊ အီလီနွိုက်တက္ကသိုလ်မှ သမိုင်းသုတေသီများပူးပေါင်း၍ တိမ်မြုပ်ပျောက်ကွက်လုဖြစ်နေသော မြန်မာ့ရိုးရာမှန်ပန်းချီပညာနှင့် သမိုင်းပူးတွဲလေ့လာမှုစာတမ်းငါးစောင်အား ဖတ်ကြားကြသည်။




မြန်မာနိုင်ငံတွင် ဗုဒ္ဓစာပေကျမ်းဂန်လာဖြစ်တော်စဉ်များနှင့် ဗုဒ္ဓယဉ်ကျေးမှုဓလေ့များကို ထင်ဟပ်ရေးဆွဲဖော်ပြရာတွင် အများနှစ်သက်သည့် အနုပညာလက်ရာတစ်မျိုးဖြစ်သော မြန်မာ့ရိုးရာမှန်ပန်းချီ အနုပညာသည် ခရစ်နှစ် ၁၇ ရာစုမှကိုလိုနီခေတ် ၁၈၈၅ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ခေတ်စားခဲ့သည်။ အယုဒ္ဓယနန်းတွင်းတွင် ဒတ်ချ်ထံမှမှန်ပန်းချီရေးဆွဲနည်းအတတ်ပညာကို သင်ကြားခဲ့ဟန်တူသော ယိုးဒယားအနုပညာရှင်များ၏ညွှန်ပြပေးမှုဖြင့် မြန်မာ့လက်မှုအနုပညာရှင်များသည် ပုဂံခေတ် (၁၁-၁၃) ရာစုကပင် တိုးတက်ထွန်းကားခဲ့သော မြန်မာတို့၏အနုလက်ရာများကို မှန်ပန်းချီများအသွင်ဖြင့် တန်ဆာဆင်ရေးဆွဲခဲ့ကြသည်။ စီးပွားဖြစ်ပုံနှိပ်လုပ်ငန်းများနှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရုပ်ပုံကားချပ်များကို စက္ကူပေါ် အမြောက်အမြားပုံနှိပ်ထုတ်ဝေမှု ထွန်းကားပြန့်ပွားလာခြင်းနှင့်တူ မှန်ပန်းချီရေးဆွဲခြင်းအနုပညာသည်လည်း ပျောက်ကွယ်လုဖြစ်ခဲ့ရသည်။

မှန်ပန်းချီများသည် အိမ်ဘုရားစင်၊ နတ်စင်နှင့်ကျေးရွာဘုရားစေတီကျောင်းတော်များတွင် အလှဆင်သည့်ဈေးကွက်ဝင် အမှတ်တရလက်ဆောင်ပေးသည့် ပစ္စည်းတစ်ခုဖြစ်လာခဲ့သည်။ မဟာမုနိရုပ်ရှင်တော်၊ ရွှေတိဂုံ၊ သမ္ဗုဒ္ဓေဘုရားပုံတော်များသည် အများကြိုက်နှစ်သက်သည့် မှန်ပန်းချီပုံများဖြစ်သည်။ မျိုးဆက်သစ်ပန်းချီပညာရှင်များသည် ရှင်သီဝလိကိုယ်တော်ကဲ့သို့ ရဟန်းပုဂ္ဂိုလ်ကျော်များ၊ ဘိုးဘိုးအောင်နှင့်နတ်မင်းများ၊ သူရဿတီမယ်တော်ပုံများလည်း ရေးဆွဲပုံဖော်ခဲ့သည်။ မြန်မာ့ရိုးရာမှန်ပန်းချီပြပွဲကို ဇွန်လ ၂၀ ရက်နေ့မှ ၂၂ ရက်နေ့အထိ ပြသခဲ့ပြီး မှန်ပန်းချီပညာရှင် ဦးချစ်မြနှင့်ဦးမောင်ရှမ်းတို့က မှန်ပန်းချီများကို လက်တွေ့ရေးဆွဲပြသခဲ့ကြကြောင်း သိရသည်။

**သီဟကိုကို (မန္တလေး)**

# ကမ်းရိုးတန်းအချို့တွင် ငါးသယံဇာတထိန်းသိမ်းရေး ဦးစွာလုပ်ဆောင်မည်

ငါးသယံဇာတရေရှည်တည်တံ့မှုအတွက် ငါးသယံဇာတပေါများစွာ ကျန်ရှိသည့်နေရာများထဲမှ ကမ်းရိုးတန်းဒေသအချို့တွင် ငါးသယံဇာတထိန်းသိမ်းရေးကို ဦးစွာလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဇွန်လ ၁၁ ရက်နေ့က သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) ထံမှ သိရသည်။

ယင်းနှင့်ပတ်သက်ပြီး WCS ၏အဏ္ဏဝါညှိနှိုင်းရေးမှူး ဦးမြသန်းထွန်းက ဧရာဝတီတိုင်းဒေသကြီး၊ ငရုတ်ကောင်းဒေသ၊ တနင်္သာရီတိုင်းဒေသရှိ သပေါ့ဆိပ်၊ မွန်ပြည်နယ်ရှိ ဇုတ်ဂလိ၊ အောင်ကန်သာနှင့် ဘိုင်းလောင်း၊ ရခိုင်ပြည်နယ်ရှိ မာန်အောင်တို့တွင် ငါးသယံဇာတထိန်းသိမ်းရေးများ လုပ်ဆောင်သွားမည်ဟုဆိုသည်။



အဆိုပါနေရာများကိုရွေးချယ်ရာ၌ သက်ဆိုင်ရာဒေသများတွင် လူမှုရေးအဖွဲ့အစည်းများရှိခြင်း၊ ဆက်သွယ်ရေးလမ်းကြောင်းကောင်းမွန်ခြင်းနှင့် ငါးသယံဇာတပေါများမှုပေါ်မူတည်ကာ ရွေးချယ်ကြောင်းသိရသည်။ ငါးသယံဇာတကို ဒေသခံများမှစုပေါင်းစီမံခန့်ခွဲပြီး ငါးအမျိုးအစားများကိုပါ တစ်ပါတည်းကောက်ယူမည်ဖြစ်ကာ လက်ရှိရခိုင်ပြည်နယ်၊ ကျိန္တလီမြို့နယ်ခွဲအတွင်းမှကျေးရွာ ၁၀ ရွာရှိ ငါးဖမ်းလှေ ၁၀ စင်းတွင် GPS တပ်ဆင်ကာ ငါးဖမ်းဆီးမှုအများဆုံးနေရာများကို လေ့လာနေကြောင်းဟုဆိုသည်။

ဦးစွာလုပ်ဆောင်သည့်နေရာများ အဆင်ပြေပါက နိုင်ငံတစ်ဝန်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ငါးသယံဇာတပေါများသည့်နေရာများ၌လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်းကို သားငှက်ထိန်းသိမ်းရေးအဖွဲ့မှ သိရသည်။

**စံမျိုးထက်**

# သောက်ရေသန့်ထုတ်လုပ်မှု ထောက်ခံချက်ကို ရန်ကုန်ခရိုင်ရုံးခွဲများတွင် လျှောက်ထားခွင့်ပြု




သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ခြင်းအတွက် ထောက်ခံချက်ပေးသည့် လုပ်ငန်းများပိုမိုတွင်ကျယ် လျင်မြန်စေရန်အတွက် ထောက်ခံချက်များကို ရန်ကုန်တိုင်းဒေသကြီးရှိ FDA ခရိုင်ရုံးခွဲများဖြစ်သော မြောက်ပိုင်းနှင့် တောင်ပိုင်းခရိုင်ရုံးများတွင် လျှောက်ထားခွင့်ပြုထားကြောင်း မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်အတွင်း သောက်ရေသန့်လုပ်ငန်းသစ် ၈၂ ခု၊ တိုးချဲ့ ၁၉ ခုနှင့် သက်တမ်းတိုးလုပ်ငန်း ၆၀ ကို အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက်များ ထုတ်ပေးရန်စိစစ်ခွင့်ပြုထားသည်။ ယခင်က သောက်ရေသန့်လုပ်ငန်းနှင့်ပတ်သက်၍ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ကို နေပြည်တော်ရှိ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနက လုပ်ဆောင်ပေးခြင်းဖြစ်သည်။

သောက်ရေသန့်လုပ်ငန်းမှာ အကြိမ်ကြိမ်စစ်ဆေးရသည့် လုပ်ငန်းဖြစ်သည့်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ဆောင်ရာတွင် လုပ်ငန်းကြန့်ကြာမှုများရှိနေသောကြောင့် တိုင်းဒေသကြီးအလိုက် တာဝန်များခွဲဝေပေးရန် စီစဉ်ခဲ့သည်။ ကနဦးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းနှင့်မြောက်ပိုင်းခရိုင်များတွင် စတင်လုပ်ဆောင်ခွင့်ပြုခြင်းဖြစ်ကြောင်း သိရသည်။

**ရန်ဖြိုးသိမ်း**

# တရားမဝင် ငါးမြစ်ချင်းများကြောင့် ပြည်တွင်းငါးမွေးမြူရေးထိခိုက်



မြန်မာနိုင်ငံသို့ ထိုင်းနိုင်ငံမှငါးမြစ်ချင်းငါးများ တရားမဝင်ဝင်ရောက်လာခဲ့ခြင်းကြောင့် ပြည်တွင်းငါးမွေးမြူရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုများရှိနေကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှသိရသည်။

အဆိုပါ ထိုင်းနိုင်ငံမှငါးမြစ်ချင်းငါးများ မြဝတီနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ရန်ကုန်မြို့ဗဟိုစံပြငါးဈေးသို့ တစ်နေ့လျှင်ငါးပိဿာချိန် ၆,၀၀၀ ဝန်းကျင် တရားမဝင်ဝင်ရောက်နေကြောင်း သိရသည်။ ထိုဝင်ရောက်မှုမှာ လနှင့်ချီနေပြီးဖြစ်ပြီး ယင်းလမ်းကြောင်းအား ပြည်တွင်းမွေးမြူရေးလုပ်ငန်းများမထိခိုက်စေရန် ထိန်းချုပ်ကိုင်တွယ်သင့်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် MFF အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်ကပြောသည်။

ထိုတရားမဝင် မွေးမြူရေးကုန်များ ဝင်ရောက်မှုနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံရေချိုငါးဖမ်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြင့်စိန်က 'ငါးမြစ်ချင်းလို အလွယ်မွေးလို့ရတဲ့ငါးမျိုးတောင် ယိုးဒယားက ဝင်ရောက်လာပြီဆိုရင် ဒီနိုင်ငံက ကျွန်တော်တို့ရဲ့ငါးကန်တွေ ဘယ်လိုဖြစ်နေပြီလဲဆိုတာ သိသင့်တယ်။ ကိုယ့်နိုင်ငံကမွေးမြူရေးတွေ ဘာတွေလိုအပ်နေလဲ၊ ဘာတွေခက်ခဲပြီး ဘယ်အချက်တွေက စိန်ခေါ်မှုဖြစ်နေပြီလဲဆိုတာ ဖြေရှင်းပေးသင့်တယ်' ဟု မှတ်ချက်ပြုခဲ့သည်။

**စံမျိုးထက်**

# ကန်တော်ကြီးကို ယာယီရေလှောင်ကန်အဖြစ် အသုံးပြုမည်

မိုးကာလအတွင်း ရေကြီးရေလျှံမှုများ လျှော့ချနိုင်ရေးအတွက် ကန်တော်ကြီးကိုယာယီရေလှောင်ကန်အဖြစ် ပြန်လည်အသုံးပြုရန် JICA နှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) မှ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်။

'အခုက ဒဂုံ၊ တာမွေ၊ ဗဟန်းကရေတွေကို ကန်တော်ကြီးထဲပေးမဝင်ဘဲ မြောင်းတွေထဲကို တိုက်ရိုက်ပေးဝင်တော့ ရေလျှံမှုပိုများတယ်။ JICA က မိုးတွင်းကာလမှာ ကန်တော်ကြီးကို ယာယီရေလှောင်ကန်အဖြစ် အသုံးပြုဖို့ ကန်တော်ကြီးနဲ့ပတ်သက်တဲ့ အချက်အလက်တွေယူထားတယ်။ စီစဉ်နေဆဲအဆင့်' ဟု ၎င်းကဆိုသည်။



ရန်ကုန်မြို့၌ လက်ရှိအသုံးပြုနေသောမြောင်းများသည် အင်္ဂလိပ်အစိုးရလက်ထက်ကတည်းက ဖောက်ထားခဲ့သည့်မြောင်းများဖြစ်၍ ယင်းမြောင်းများကို ထပ်မံတိုးချဲ့မှုနည်းပါးခြင်း၊ မြောင်းများကိုရှင်းလင်းသည့်လူအင်အားနည်းပါးခြင်းတို့ကြောင့် ရေကြီးရေလျှံမှုများဖြစ်ရကြောင်းသိရသည်။ ယခင်က ကန်တော်ကြီးကို မြို့တွင်းဆက်စပ်မြို့နယ်များ၏ ရေလှောင်ကန်အဖြစ် အသုံးပြုခဲ့သော်လည်း ကန်ရေမသန့်ရှင်းမှုကြောင့် ၂၀၁၄ ခုနှစ်ကစ၍ ရပ်နားခဲ့ရာမှ ယခုပြန်လည်အသုံးပြုရန်စီစဉ်ခြင်းဖြစ်သည်။

**ဝင်းမြင့်ဦး**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## မိုးပျံပူပေါင်းဖြင့် ရှုခင်းကြည့်နိုင်ရန် ရန်ကုန်ကန်တော်ကြီးတွင် အစီအစဉ်စတော့မည်

ရန်ကုန်မြို့တော်၏ ရှုခင်းအလှကို ဟီလီယံဓာတ်ငွေ့သုံး မိုးပျံပူဖောင်းဖြင့်ကြည့်ရှုနိုင်ရန်အတွက် ကန်တော်ကြီးဥယျာဉ်အတွင်း ကံ့ကော်ပင်ကျွန်း၌ ဇွန်လအတွင်း စတင်ပျံသန်းတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ 'မင်္ဂလာပါ' မိုးပျံပူဖောင်းကို မြေပြင်မှပေ ၄၀၀ အထိ လွှင့်တင်မည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့ရှုခင်းများကို ၁၅ မိနစ်ကြာမျှ စီးနင်းကြည့်ရှုနိုင်မည်ဖြစ်ပြီး မြေပြင်မှ တစ်ရက်လျှင် အကြိမ် ၃၀ ခန့် လွှင့်တင်မည်ဟုဆိုသည်။



ယင်းအစီအစဉ်ကို ဖွင့်မည့်ရက်နှင့်ဖွင့်ချိန်ပိတ်ချိန်ကို မကြာမီရက်အတွင်းထုတ်ပြန်သွားမည်ဖြစ်ရာ မိုးပျံပူဖောင်းစီးနင်းခအနေဖြင့် လူကြီးတစ်ဦးလျှင် တစ်သောင်းကျပ် ကလေးတစ်ဦးလျှင် ၅,၀၀၀ ကျပ်နှင့် နိုင်ငံခြားသားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၈ ဒေါ်လာသတ်မှတ်ထား၍ ကြိုတင်စာရင်းပေးသွင်းလိုပါက ၀၁-၅၅၈၉၂၂ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်းသိရသည်။

စီးနင်းရာတွင် လူဦးရေ ၂၀ ခန့် စီးနင်းနိုင်ကာ ငြိမ့်ငြိမ့်လေးဖြင့်ညင်သာစွာတက်သွားပြီးကောင်းကင်၏ အလှခံစားရပြီး ရန်ကုန်မြို့ရှုခင်းများကိုပါ ကြည့်ရှုနိုင်မည်ဖြစ်သည်။

**လေးမောင်မောင်**

## ပြသချိန်နှင့်ရိုက်ကူးချိန် ၃ မိနစ်မှ ၅ မိနစ်သာကြာမည့် ဇာတ်လမ်းတိုရုပ်ရှင်ယှဉ်ပြိုင်ပွဲအတွက် စာနယ်ဇင်းရှင်းလင်း

**သန်းဦးလှိုင်**

မြန်မာ့ရုပ်ရှင်လောက ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့်အနုပညာဝါသနာရှင် ရွှက်ပုန်းသီးလူငယ်များ ထွက်ပေါ်လာပြီး ထူးချွန်ပြောင်မြောက်သည့် အနုပညာရှင်လူငယ်လူရွယ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး Channel 9 နှင့် Monnet Group တို့ပူးပေါင်းမှုတို့ဖြင့် တတိယအကြိမ်မြောက် Myanmar Youth Micro Film ခေါင်းစဉ်ဖြင့် ဇာတ်လမ်းတိုများ ရိုက်ကူးယှဉ်ပြိုင်မည့် ယှဉ်ပြိုင်ပွဲအကြောင်း စာနယ်ဇင်းမိတ်ဆက်အသိပေးခြင်း အခမ်းအနားအစီအစဉ်ကို ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်၊ ဆူးလေရှန်ဂရီလာ Hotel တွင် ဇွန်လ ၂၀ရက်နေ့ နံနက် ၁၀ နာရီတွင် ကျင်းပသည်။




ဒိုင်အကဲဖြတ်ကော်မတီဝင်များဖြစ်သည့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌဦးလူမင်း၊ ဒါရိုက်တာညိုမင်းလွင်၊ ပန်းချီစိုးမိုး၊ ဒါရိုက်တာမောင်သီ၊ ဒါရိုက်တာဝီရ၊ ဒါရိုက်တာဝဏ္ဏကျော်တို့က ဇာတ်လမ်းတိုရိုက်ကူးယှဉ်ပြိုင်ကြမည့် လူငယ်လူရွယ်များအား ယှဉ်ပြိုင်ပြီးခဲ့သည့် ဇာတ်ကားများမှ အားသာချက်၊ အားနည်းချက်များနှင့် အနုပညာနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်ကိစ္စများအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါပြိုင်ပွဲ ဇာတ်ကားလက်ခံမည့်အချိန်မှာ ဇွန်လမှစက်တင်ဘာလ ၃၀ ရက်နေ့အထိဖြစ်ပြီး Final ဇာတ်ကားရွေးချယ်မည့်ကာလမှာ အောက်တိုဘာလဟုသိရ၍ ဆုကြေးများမှာ ပထမဆု ဒေါ်လာ ၆,၀၀၀၊ ဒုတိယဆု ဒေါ်လာ ၃,၀၀၀၊ တတိယဆု ဒေါ်လာ ၂,၀၀၀၊ အထူးဆု ဒေါ်လာ ၂,၀၀၀၊ ဟာဝေး Exporation award ဒေါ်လာ ၂,၀၀၀၊ နှစ်သိမ့်ဆု ၇ ဆု ဒေါ်လာ ၅၀၀၊ People Choice ဒေါ်လာ ၂,၀၀၀ ဟုသိရ၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၀၇၃၉၄၊ ၀၉-၂၆၄၃၈၂၇၄၀ သို့ဆက်သွယ်စုံစမ်းနိုင်သည်ဟုသိရသည်။

## သတ်မှတ်အမြန်နှုန်းထက် ပိုမောင်းသည့်ကားများ လာမည့်ဩဂုတ်လ ၁ ရက်နေ့မှ စတင်အရေးယူမည်

သတ်မှတ်အမြန်နှုန်းထက် ပိုမောင်းသည့်မော်တော်ယာဉ်များအားလုံးကို ဩဂုတ်လ ၁ ရက်နေ့မှစတင်ပြီး ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံကသိရသည်။

ဒုတိယသမ္မတဦးဆောင်သည့် အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီက ခါးပတ်စီမံချက်အပြီး ဒုတိယအဆင့်အနေဖြင့် လုပ်ဆောင်လာခြင်းဖြစ်ကြောင်းသိရသည်။ အမှတ် (၂၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးဝင်းလွင်က 'ဒါတွေက လူ့အသက်ကို အန္တရာယ်ပြုတဲ့အချက်တွေကို တစ်ခုချင်းဖိဖိစီးစီးလုပ်နေတဲ့ သဘောပါ။ Safty Belt (လုံခြုံရေးခါးပတ်) ကိစ္စလည်းအောင်မြင်ခဲ့တယ် ပြောရမှာပဲ' ဟုပြောကြားခဲ့သည်။



ပညာပေးကာလကို ဇွန်လ ၉ ရက်နေ့မှ ဇူလိုင်လ ၃၁ ရက်နေ့အထိ သတ်မှတ်ထားပြီး လာမည့်ဩဂုတ်လ ၁ ရက်နေ့မှစတင်ပြီး တစ်နိုင်ငံလုံးတွင် အရေးယူခြင်းများပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

သတ်မှတ်ထားသည့်အမြန်နှုန်းများက မြို့နယ်နိမိတ်ထဲမှာတစ်နာရီကို ၄၈ ကီလိုမီတာ၊ မြို့နယ်နိမိတ်အပြင်တွင် တစ်နာရီကို ၈၀ ကီလိုမီတာ၊ နောက်တွဲပါသော မော်တော်ယာဉ်များက မြို့နယ်နိမိတ်ထဲ၌ တစ်နာရီကို ၃၂ ကီလိုမီတာ၊ မြို့နယ်နိမိတ်အပြင်ကို တစ်နာရီ ၅၆ ကီလိုမီတာ၊ မြို့နယ်နိမိတ်ထဲတွင် နှစ်လမ်းမောင်း၏ တစ်ဖက်တစ်ချက်တွင် ယာဉ်ကြောသုံးခုစီရှိလျှင် ဘယ်ဘက်အစွန်းယာဉ်ကြောမှ တစ်နာရီကို ၆၄ ကီလိုမီတာ မောင်းနှင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

အမြန်လမ်းမကြီးပေါ်တွင် Telematic စနစ်တပ်ထားသောခရီးသည်ယာဉ်များက မြို့နယ်နိမိတ်ထဲတွင် နှစ်လမ်းမောင်း၏တစ်ဖက်တစ်ချက်တွင် ယာဉ်ကြောသုံးခုစီရှိလျှင် ဘယ်ဘက်အစွန်းယာဉ်ကြောမှ တစ်နာရီကို ၆၄ ကီလိုမီတာ မောင်းနှင်နိုင်မည်ဖြစ်ကြောင်းသိရသည်။

ဒုတိယရဲမှူးဝင်းလွင်က 'သတ်မှတ်နှုန်းထက် ပိုမောင်းရင်တော့ ထောင်ဒဏ် ၁ လ၊ ဒါမှမဟုတ် ဒဏ်ငွေ ၅ သောင်း၊ ဒါမှမဟုတ် နှစ်ခုလုံးကျခံရမှာဖြစ်ပါတယ်။ တစ်နှစ်အတွင်းမှာ ဒီပြစ်မှုကို နောက်တစ်ကြိမ်ကျူးလွန်ရင်တော့ ထောင်ဒဏ် ၃ လ၊ ဒါမှမဟုတ် ဒဏ်ငွေ ၁ သိန်း၊ ဒါမှမဟုတ် နှစ်ခုလုံးကျခံရမှာဖြစ်ပါတယ်' ဟု ပြောကြားခဲ့သည်။

ယာဉ်ကြောင့်ဖြစ်သော အသက်သေဆုံးနှုန်းကို လျှော့ချနိုင်ဖို့ အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီက ရည်မှန်းထားပြီး လိုက်နာရမည့်အချက် ၇ ချက်တွင် အသက်ကယ်ခါးပတ်ပတ်ဖို့က ပထမဆုံးအဆင့်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

# ရန်ကင်းတောင်ခြေအနီးတွင် မြို့ပြအိမ်ရာစီမံကိန်း ဖော်ဆောင်မည်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေအနီးရှိ မြေ ဧက ၁၄၀ ကျော်တွင် တိုက်ခန်းတစ်သောင်းကျော်ပါသည့် မြို့ပြအိမ်ရာစီမံကိန်းဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ကခွင့်ပြုထားသော်လည်း မြေနေရာအတိအကျမရရှိသေးသဖြင့် ဆောက်လုပ်နိုင်ခြင်းမရှိသေးကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက ပြောသည်။



အဆိုပါအိမ်ရာစီမံကိန်းတွင် အစိုးရဝန်ထမ်းများ၊ အငြိမ်းစားများနှင့် ပုဂ္ဂလိက ဝန်ထမ်းများအတွက် အခန်းပေါင်း ၈,၆၀၀ ပါဝင်မည်ဖြစ်သည်။ ထိုအိမ်ရာစီမံကိန်းများပါ အဆောက်အအုံအကျယ်အဝန်းနှင့်ဈေးနှုန်းများကို ပြည်ထောင်စု အစိုးရအဖွဲ့က သတ်မှတ်ပေးခဲ့ရာ ၄၀၀ စတုရန်းပေအကျယ်ရှိ တစ်ခန်းလျှင် ကျပ်သိန်း ၉၀၊ ၆၀၀ စတုရန်းပေလျှင် ကျပ်သိန်း ၁၄၀၊ ၇၅၀ စတုရန်းပေလျှင် ကျပ်သိန်း ၁၇၀၊ ၉၀၀ စတုရန်းပေလျှင် ကျပ်သိန်း ၂၀၀ ဖြစ်၍ အရစ်ကျငွေပေးချေမှုနှစ်သည် ငါးနှစ်မှ ၁၅ နှစ်အထိ သတ်မှတ်ပေးမည်ဖြစ်သည်။

**ရန်ဖြိုးသိမ်း**

# မြောက်ဥက္ကလာပဆေးရုံ ခုတင် ၁,၅၀၀ ဆံ့တိုးမြှင့်မည်

မြောက်ဥက္ကလာပအထွေထွေ ရောဂါကုဆေးရုံကြီးကို ခုတင် ၁၅၀၀ ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်ဆောင်ရွက်ရန်လုပ်ဆောင်လျက်ရှိကြောင်း အဆိုပါဆေးရုံကြီးမှ ဆေးရုံအုပ်ဒေါက်တာကြည်စိုးက ပြောသည်။

'ဆေးရုံ အဆောက်အအုံ က နည်းတယ်။ ဖွဲ့စည်းပုံလည်းပြန်ချဲ့ဖို့လိုသလို အဆောက်အအုံလည်း တိုးချဲ့ဆောက်ဖို့လိုတယ်။ အခု ခုတင် ၈၀၀ ဆံ့ကနေ အနိမ့်ဆုံး ၁,၅၀၀ ဖြစ်ဖို့များတယ်။ ခုတင် ၁,၅၀၀ နဲ့ညီတဲ့ ဖွဲ့စည်းပုံထားပေးရမယ်။ လွှတ်တော်ထိတင်ထားပြီးပြီ' ဟု ၎င်းကပြောသည်။

အဆိုပါဆေးရုံကြီးတွင် အထူးကုဌာနပေါင်း ၃၀ ဖြင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုဆေးရုံကြီးအနေနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်တို့မှ နှစ်စဉ်လူနာငါးသောင်းကျော်နှင့် ပြင်ပလူနာနှစ်သိန်းခန့်ကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ အများဆုံးလာရောက်ကုသလျက်ရှိသည်။

**စံမျိုးထက်**

# နှစ် ၃၀ ကြာ ပိတ်ထားခဲ့သည့် အင်းစိန်ဂျီတီအိုင်ကျောင်း ပြန်လည်ဖွင့်လှစ်မည်

နှစ် ၃၀ နီးပါးပိတ်ထားခဲ့သော အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ဂျီတီအိုင်ကို လာမည့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

အစိုးရစက်မှုလက်မှုသိပ္ပံ (အင်းစိန်) ကို ဂျာမနီနိုင်ငံအစိုးရအကူအညီဖြင့် အကြီးစားပြန်လည်မွမ်းမံပြင်ဆင်ပြီး လာမည့်စာသင်နှစ်အမီ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း နည်းပညာသက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနက သိရသည်။



အဆိုပါ အင်းစိန်ဂျီတီအိုင်ကျောင်းကို ၁၉၉၅ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ၁၉၈၈ ခုနှစ်အရေးအခင်းဖြစ်ပွားချိန်တွင် ယာယီပိတ်ထားခဲ့ခြင်းဖြစ်ပြီး လာမည့်ပညာသင်နှစ်တွင် ပြန်လည်ဖွင့်လှစ်နိုင်ဖို့ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။ ရှေးဟောင်းအမွေအနှစ်စာရင်းဝင် အဆောက်အဦတစ်ခုဖြစ်ပြီး ဂျာမနီနိုင်ငံက ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့အစည်းကနေ နှစ်နိုင်ငံချစ်ကြည်ရေးအတွက် အဆောက်အဦ ပြန်လည်မွမ်းမံခြင်းအတွက် ကုန်ကျမည့်ငွေကြေးများကို ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

အင်းစိန်ဂျီတီအိုင်ကျောင်းမှ သက်မွေးပညာဘာသာရပ် ငါးခုကို စတင်သင်ကြားပေးမည်ဖြစ်ပြီး လုပ်ငန်းခွင်နှင့်ကိုက်ညီမှုရှိသော လူငယ်များမွေးထုတ်ပေးနိုင်ဖို့နှင့် လုံလောက်သည့်ဝင်ငွေရရှိဖို့အတွက် မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် စက်ရုံအလုပ်ရုံများတွင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ဖို့ ရည်ရွယ်ပြီး ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

မြို့ပြအင်ဂျင်နီယာသင်တန်း၊ စက်မှုအင်ဂျင်နီယာသင်တန်း၊ အီလက်ထရောနစ်အင်ဂျင်နီယာသင်တန်း၊ လျှပ်စစ်ဆက်သွယ်ရေးအင်ဂျင်နီယာသင်တန်းနှင့် သတင်းအချက်အလက် အင်ဂျင်နီယာသင်တန်းဟူ၍ တန်းခွဲငါးခုနှင့်လာမည့် ပညာသင်နှစ်မှ စတင်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

# အင်းစိန်အကျဉ်းထောင်တွင်းမှကျောင်းတွင် မူလတန်းနှင့်အလယ်တန်း တန်းခွဲများကိုဖွင့်လှစ်မည်

**မြင့်မြတ်အောင်မြင်**

အင်းစိန်ထောင်အတွင်း၌ အကျဉ်းကျခံနေရသူ လူငယ်အကျဉ်းသားများ အခြေခံပညာသင်ကြားနိုင်ရန်အတွက် အင်းစိန်ဗဟိုအကျဉ်းထောင် (သီးသန့်ဆောင်) တွင်ဖွင့်လှစ်ထားသော အမှတ် (၁၃) အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် မူလတန်းနှင့်အလယ်တန်း တန်းခွဲများကို ဇူလိုင်လဆန်းပိုင်းတွင် ဖွင့်လှစ်ရန် စီစဉ်ပြီးဖြစ်ကြောင်း အကျဉ်းဦးစီးဌာနမှ သိရသည်။

လက်ရှိအဆိုပါကျောင်းတွင် Grade 9 တွင် အကျဉ်းသား ၅ ဦး၊ Grade 10 တွင် အကျဉ်းသား ၁၁ဦး၊ တက္ကသိုလ်ဝင်တန်း Grade 11 တွင် အကျဉ်းသား ၃၃ ဦးကို ပညာသင်ကြားပေးလျက်ရှိကြောင်းသိရသည်။

ယခု ဇွန်လ ၁၇ ရက်နေ့က အောင်စာရင်းထွက်ရှိခဲ့သော ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် အဆိုပါ အင်းစိန်ထောင်အတွင်း ဖွင့်လှစ်လျက်ရှိသော စာစစ်ဌာနမှတက္ကသိုလ်ဝင်တန်းကို အကျဉ်းသား ၂၈ ယောက်ဖြေဆိုပြီး ၉ ဦးအောင်မြင်ကာ ထောင်ဒဏ် ၆ နှစ် ပြစ်ဒဏ်အကျဉ်းကျခံနေရသော မောင်ရဲထွန်းအောင်က ဘောဂဗေဒဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြောင်းသိရသည်။



# ရေဆိုးသန့်စင်စနစ် အကောင်အထည်ဖော်ဆောင်ရွက်



ရွှေပြည်သာစက်မှုဇုန် (၁) ကနောင်မင်းသားကြီးလမ်းနှင့် စက်မှု (၃) လမ်းထောင့်ရှိ မြေဧရိယာ (၆) ဧကခန့်တွင် အရက်ချက်စက်ရုံများအတွက် ရေဆိုးသန့်စင်နိုင်မည့်စက်ရုံကို physical; chemical, biological treatment system များ ပါဝင်ပြီးမှန်ကန်သောနည်းပညာဖြင့် ရေဆိုးသန့်စင်နိုင်ရန် တရုတ်နိုင်ငံမှ Shandoung JHW Environmental Technology Co.,Ltd နှင့် စာချုပ်ချုပ်ဆို၍ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလမှစတင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလကုန်အပြီး တည်ဆောက်သွားမှာ ဖြစ်ကြောင်းသိရသည်။

**ထားဆုဖေ**

## စက်မှုသင်တန်းလျှောက်လွှာများ ခေါ်ယူ

စက်မှုဝန်ကြီးဌာနမှဖွင့်လှစ်ထားသော အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)၊ အမှတ် (၂) စက်မှုသင်တန်းကျောင်း (မန္တလေး)၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း (သာဂရ) နှင့်အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) တို့မှ သင်တန်းသားလျှောက်လွှာများ လက်ခံနေပြီဖြစ်ရာ စိတ်ဝင်စားသူများအနေဖြင့် www.industry.gov.mm ၊ www.itcsinde.com ၊ itcsinde Facebook account နှင့် www.itcmandalay.com တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများ ဇူလိုင်လမှစတင်ပြီးလုပ်ငန်းများ လုပ်ဆောင်နိုင်မည်

တိုင်းဒေသကြီးနှင့်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများအနေဖြင့် ဇူလိုင်လမှစတင်ပြီး လုပ်ငန်းများ လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အတွင်းရေးမှူး ဦးအောင်နိုင်ဦးက ဆိုသည်။

လက်ရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီများအနေဖြင့် လုပ်ငန်းများစတင်ဆောင်ရွက်သည့်အခါ အဆင်ပြေချောမွေ့မှုရှိစေဖို့ လိုအပ်သောသင်တန်းပေးခြင်းများကို လုပ်ဆောင်နေကြောင်း သိရသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကို ရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်၍ လုပ်ငန်းများဆောင်ရွက်ခွင့်များ ခွဲဝေသတ်မှတ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရင်းနှီးမြှုပ်နှံမှုကော်မတီများဖွဲ့စည်းပြီး တင်ပြလာသော လုပ်ငန်းများထဲက မတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ ၅ သန်း (သို့) မြန်မာငွေ ကျပ်သန်း ၆ ထောင်ပမာဏရှိသည့် လုပ်ငန်းများကို စိစစ်ပြီး လုပ်ကိုင်ခွင့်ပြုနိုင်မည်ဖြစ်ကြောင်းသိရသည်။

**အောင်ပိုင်မျိုး**

## ဇူလိုင်လအတွင်း ကျိုက်ထီးရိုးတွင် ကေဘယ်လ်ကားများ စမ်းသပ်ပြေးဆွဲမည်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ရသေ့တောင်မှကျိုက်ထီးရိုးတောင်ပေါ်သို့ပြေးဆွဲရန် ဆောက်လုပ်နေသည့် ကေဘယ်လ်ကားစီမံကိန်းကို လာမည့် ဇူလိုင်လတွင် ပစ္စည်းများ တပ်ဆင်ပြီးစီးမည်ဖြစ်သောကြောင့် စမ်းသပ်ကာလအဖြစ် စတင်ပြေးဆွဲသွားမည်ဖြစ်ကြောင်း Sky Asia Co.,Ltd ၏ စီမံကိန်းအကြံပေးအရာရှိ ဦးအောင်သန်းကပြောသည်။

အဆိုပါကေဘယ်လ် ကောင်းကင်ရထားစီမံကိန်းကို ရသေ့တောင်ခြေမှ ကျိုက်ထီးရိုးရင်ပြင်ရှေ့အထိ အရှည်ပေ ၂၉၀၀ ခန့်ကို ရထားတွဲ ၄၃ တွဲဖြင့် ပြေးဆွဲသွားမည်ဖြစ်ပြီး စီမံကိန်းလက်ရှိတွင် ၇၀% ပြီးစီးနေပြီး စမ်းသပ်ကာလ ၃ လအပြီး လာမည့် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ပြေးဆွဲနိုင်ရန်စီစဉ်ထားကြောင်း သိရသည်။ ထိုကေဘယ်လ်ကောင်းကင်ရထားတွဲတစ်တွဲလျှင် လူ ၈ ယောက်စီးနင်းနိုင်မည်ဖြစ်ပြီး ကြာမြင့်ချိန် ၁၀ မိနစ်ခန့်ကြာမြင့်နိုင်ကြောင်း သိရသည်။

ထိုစီမံကိန်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ထောက်ခံချက်ဖြင့် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ပြီး အမေရိကန်ဒေါ်လာသန်း ၂၀ ရင်းနှီးမြှုပ်နှံကာ ဆောက်လုပ်နေခြင်းဖြစ်ကြောင်း စီမံကိန်းတာဝန်ရှိသူများထံမှ သိရှိရသည်။

**ဟိန်းသူ**

## MICHELIN မှ မြန်မာနိုင်ငံ၏ ရွေ့လျားသွားလာမှုကဏ္ဍအား အကောင်းဆုံးမိတ်ဖက်အဖွဲ့အစည်းဆု ချီးမြှင့်

ကမ္ဘာတစ်လွှား တာယာလုပ်ငန်းကို ဦးဆောင်နေသော Michelin သည် မြန်မာနိုင်ငံရှိ ESTY Distribution Co.,Ltd နဲ့ Htoo Maw Co.,Ltd တို့အား Michelin ၏ ရွေ့လျားပစ္စည်းများ စဉ်ဆက်မပြတ်တိုးတက်ရေးအစီအစဉ်မှာ တက်ကြွစွာပါဝင်ဆောင်ရွက်ပေးခဲ့ခြင်းအတွက် အကောင်းဆုံးမိတ်ဖက်အဖွဲ့အစည်းဆုကို ဇွန်လ ၂၆ ရက်နေ့ နံနက် ၁၁ နာရီက ရန်ကုန်မြို့ Sule Shangri-La ဟိုတယ်၌ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်

Michelin သည် မြန်မာနိုင်ငံအတွက် ဈေးကွက်တစ်ခုအဖြစ် ရှုံးခဲ့တစ်ခုကို ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ မြန်မာနိုင်ငံမှ အသုံးပြုသူတွေ၏ လိုအပ်ချက်ကို နိုင်ငံတွင်းရွေ့လျားသွားလာမှုကဏ္ဍ၏ တိုးတက်မှုကို လွယ်ကူချောမွေ့စေရန် မိသားစုစီးကား ကုန်တင်ကားနှင့် ပတ်သက်ပြီး လေ့ကျင့်သင်ကြားမှု၊ ခေတ်မီထုတ်ကုန်များ၊ အကြံဉာဏ်များနဲ့ ဆန်းသစ်ထားတဲ့ ဖြန့်ချိခြင်းဆိုင်ရာ ဖြေရှင်းချက်တွေကို ပိုမိုလေးနက်စွာပံ့ပိုးရန်အတွက် ဆောင်ရွက်ပေးလျက်ရှိသည်။

အရှေ့အာရှနှင့်ပစိဖိတ်ဒေသမှ ရောင်းချမှုဆိုင်ရာ ဒါရိုက်တာဖြစ်သူ Steven Vette က “ဒီမိတ်ဖက် အဖွဲ့အစည်းဆုဟာ ကျွန်ုပ်တို့မိတ်ဖက်တွေအတွက် စဉ်ဆက်မပြတ်ပံ့ပိုးမှုနဲ့ ပါဝင်ပတ်သက်မှုတွေကို မည်မျှတန်ဖိုးထားကြောင်းပြသတဲ့ သက်သေပဲဖြစ်ပါတယ်။ သူတို့သာမပါဝင်ခဲ့ရင် မြန်မာနိုင်ငံတွင်း ရွေ့လျားသွားလာမှုကဏ္ဍတိုးတက်ရေးနဲ့စဉ်ဆက်မပြတ်ထိန်းသိမ်းရေးဆိုတဲ့ ကျွန်ုပ်တို့ရဲ့ မျှော်မှန်းချက်တွေက ဘယ်တော့မှ အကောင်အထည်ပေါ်လာခဲ့မှာမဟုတ်ပါဘူး” လို့ပြောသည်။

မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Michelin သည် အန္တရာယ်ကင်းရှင်းစေပြီး ဆီစားသက်သာစေရန် အထောက်အကူပြုစေခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လုပ်မှု လျှော့ချခြင်း၊ ကုန်ကျစရိတ်သက်သာမှုအား အကောင်းဆုံးမြှင့်တင်ပေးခြင်း၊ မိသားစုစီးကားအတွက်ရော ကုန်တင်ကား/ဘတ်စ်ကားတာယာဈေးကွက်များတွင် ‘ယုံကြည်စိတ်ချရသော ကျွမ်းကျင်ဝန်ဆောင်မှု’ ထောက်ပံ့ပေးပြီး ‘တစ်နေရာတည်းတွင် အလုံးစုံဝန်ဆောင်မှုပေးသောဆိုင်’ များ လက်လီဆိုင်များ၏ ဝန်ဆောင်မှုအားတိုးတက်စေရေးနှင့်အတူ မြန်မာနိုင်ငံတွင်းရှိ ယာဉ်မောင်းသူများနှင့်အလုပ်သွားအလုပ်ပြန် ယာဉ်စီးနင်းသူများကြား လမ်းအန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်သော အသိပေးမှုမြှင့်တင်ရေးဆောင်ရွက်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

Michelin ကုမ္ပဏီသည် အသင့်တော်ဆုံးသော တာယာများ၊ ဝန်ဆောင်မှုများနှင့်ဖြေရှင်းချက်များအား စဉ်ဆက်မပြတ် ဖန်တီးဖြန့်ဖြူးနေပြီး ဒီဂျစ်တယ်ဝန်ဆောင်မှု၊ ခရီးသွားလာမှုများနှင့်လည်ပတ်မှုများအား ပိုမိုတန်ဖိုးရှိစေရန်နှင့် ၎င်းတို့အား ထူးခြားတဲ့ အတွေ့အကြုံဖြစ်စေရန်အတွက် မြေပုံများနှင့် လမ်းညွှန်ချက်များကို ပံ့ပိုးထားပြီး ရွေ့လျားသွားလာမှုဆိုင်ရာလုပ်ငန်းအား အထောက်အပံ့ပြုတဲ့ နည်းပညာမြင့်ပစ္စည်းများအား ဖန်တီးထုတ်လုပ်လျက်ရှိပြီး ပြင်သစ်နိုင်ငံ Clermont Ferrand မြို့တွင် အခြေစိုက်ကာနိုင်ငံပေါင်း ၁၇ နိုင်ငံရှိ ထုတ်လုပ်သည့် စက်ရုံပေါင်း ၆၈ ခုဖြင့် ၂၀၁၅ ခုနှစ်မှာ စုစုပေါင်း တာယာ ၁၈၄ သန်းထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။ **KMC**




စက်မှုအလင်းဂျာနယ်တွင် သတင်းနှင့်ကြော်ငြာများ ဆက်သွယ်ထည့်သွင်းနိုင်
၀၉၇-၄၀၅၀၅၇၊ ၀၁-၂၅၀၆၅၁



အဲ့မှာ စပျော်တာပဲ
Oishi®
O, Wow!




SPEED
Energy Drink
09 5178737
CGM Quality
healthy happy life

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# ပြည်ပသွားရောက်ခဲ့သည့် ဝန်ထမ်းများ အတွေ့အကြုံဗဟုသုတ ပြန်လည်မျှဝေ

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စီမံရေးဌာနမှ စက်မှုဆိုင်ရာအခြေခံအဆောက်အအုံနှင့် ရေရှည်တည်မြဲသောစီမံကိန်းရေးဆွဲခြင်းနှင့်ဆန်းစစ်ခြင်းဆိုင်ရာ သင်တန်းခေါင်းစဉ်ဖြင့် အိန္ဒိယနိုင်ငံသို့



သွားရောက်ခဲ့သည့် အရာထမ်း ၁ ဦး၊ စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဌာနမှ Energy Efficiency Program by IE ခေါင်းစဉ်ဖြင့် ပြင်သစ်နိုင်ငံသို့သွားရောက်ခဲ့သည့် အရာထမ်း ၂ ဦးနှင့် စာချုပ်စာတမ်းများစိစစ်ရေးဌာနမှ စွန့်ဦးတီထွင်မှုနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းခေါင်းစဉ်ဖြင့် အိန္ဒိယနိုင်ငံသို့သွားရောက်ခဲ့သည့် အမှုထမ်း ၁ ဦးတို့က ၎င်းတို့၏ပြည်ပသင်တန်း အတွေ့အကြုံဗဟုသုတများကို ဝန်ထမ်းများသို့ ပြန်လည်မျှဝေခြင်း (Knowledge Sharing) အခမ်းအနားကို ဇွန်လ ၁၆ ရက်နေ့၊ နေ့လယ် ၁ နာရီက ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အလားတူ ပြည်ပသင်တန်းအတွေ့အကြုံများကို ဝန်ထမ်းများသို့ပြန်လည်မျှဝေခြင်း (Knowledge Sharing) အခမ်းအနားကို ဇွန်လ ၂၃ ရက်နေ့၊ နေ့လယ် ၁ နာရီက ရုံးအမှတ် (၃၀) စက်မှုဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေးဌာနမှ စွမ်းအင်အကျိုးရှိထိရောက်စွာအသုံးချရေးဆိုင်ရာ မူဝါဒသင်တန်းဖြင့် ဂျပန်နိုင်ငံသို့သွားရောက်ခဲ့သော အရာထမ်း ၁ ဦး၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဇီဝဓာတ်ငွေ့သုံးစက်မှုလုပ်ငန်းများ အားပေးမြှင့်တင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် Energy Efficiency Standards for Distribution Transformers Workshop ဖြင့် ကိုရီးယားနိုင်ငံသို့သွားရောက်ခဲ့သည့် အရာထမ်း ၁ ဦး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စွမ်းအင်စွမ်းဆောင်ရည်၊ စံချိန်စံညွှန်းသတ်မှတ်ရေးနှင့်စွမ်းအင်သုံးစွဲမှုပြအမှတ်တံဆိပ်ဖော်ပြရေး အလုပ်ရုံဆွေးနွေးပွဲဖြင့် ကိုရီးယားနိုင်ငံနှင့် High Efficiency Motor အသုံးပြုမှုဆိုင်ရာ စွမ်းအင်ထိရောက်စွာသုံးစွဲရေးမူဝါဒနှင့် စွမ်းဆောင်မှုဆိုင်ရာ စံချိန်စံညွှန်းသတ်မှတ်ရေးအလုပ်ရုံဆွေးနွေးပွဲဖြင့် ဖိလစ်ပိုင်နိုင်ငံသို့ သွားရောက်ခဲ့သော အရာထမ်း ၁ ဦးနှင့် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး) မှ Training Programme on Curriculum Development for the Automotive Sector ဖြင့် ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့သော နည်းပြအရာရှိ ၁ ဦး တို့က ရရှိခဲ့သောအတွေ့အကြုံများကို ဝန်ထမ်းများအား ပြန်လည်မျှဝေခဲ့ကြောင်းသိရသည်။

အဆိုပါ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားနှင့်နိဂုံးချုပ်အမှာစကားတို့ကို ပြောကြားခဲ့ပြီး ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့်လုပ်ငန်းများမှဝန်ထမ်းများ၊ စုစုပေါင်း ဝန်ထမ်း ၄၀ ဦးခန့် တက်ရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

# Enhancing the Quality of Industrial Policy-EQuIP Training ကျင်းပပြုလုပ်

စက်မှုဝန်ကြီးဌာနသည် United Nations Industrial Development Organization (UNIDO) နှင့် ပူးပေါင်း၍ Myanmar Industrial Development Strategy ရေးဆွဲခြင်း စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး စီမံကိန်းလုပ်ငန်းစဉ်များတွင် ပါဝင်သော စက်မှုလုပ်ငန်းမူဝါဒ၏ အရည်အသွေးမြှင့်တင်ပေးရေးဆိုင်ရာ သင်တန်း Enhancing the Quality of Industrial Policy (EQuIP) Training ဖွင့်ပွဲအခမ်းအနားကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့၊ နံနက် ၉ နာရီက နေပြည်တော်ရှိ Mandalay Paradise ၌ ကျင်းပပြုလုပ်ခဲ့ရာ စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်နှင့် ဖိတ်ကြားထားသူများ၊ စက်မှုဝန်ကြီးဌာနမှသင်တန်းသားများ၊ မူဝါဒပိုင်းဆိုင်ရာ ဆက်စပ်နေသည့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ သင်တန်းသားများနှင့် UNIDO မှ International Experts များတက်ရောက်ခဲ့ကြသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်နှင့် UNIDO မှ International Expert ဖြစ်သူ Ms. Amanda Phoebe Janoo တို့က အဖွင့်အမှာစကားပြောကြားခဲ့ကြသည်။

EQuIP Training ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့မှ ဇူလိုင်လ ၇ ရက်နေ့အထိ ရက်သတ္တနှစ်ပတ်ကြာပြုလုပ်သွားမည်ဖြစ်ပြီး စက်မှုဝန်ကြီးဌာန၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၂၅ ဦးအား Industrial Policy ရေးဆွဲရာ၌ ပိုမိုထိရောက်မှုရှိစေရန်နှင့် အပြည်ပြည်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်များအပေါ် မှီခိုမှုများ လျော့နည်းစေရန်အတွက် ရည်ရွယ်၍ UNIDO မှ Experts များက စက်မှုဝန်ကြီးဌာနမှ သင်တန်းသားများအပြင် အခြားသက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ သင်တန်းသားများကို Industrial Policy ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားသင့်သည်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ စက်မှုကဏ္ဍနှင့်စပ်လျဉ်း၍ ခွဲခြမ်းစိတ်ဖြာသုံးသပ်တတ်စေရန်အတွက်လည်းကောင်း လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ ❑

# စက်ရုံအတွက် ရေပိုက်လိုင်းဖြတ်သန်းခြင်းနှင့် တိုးချဲ့ဆိပ်ကမ်းမြေအတွက် တောင်သူများသို့ မြေယာလျော်ကြေးများပေးအပ်

အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၆) အကြီးစားစက်ရုံ (ကျောက်ဆည်) ၏ရေပိုက်လိုင်းသွယ်တန်းခြင်းအတွက် တောင်သူ ၄၆ ဦးပိုင်ဆိုင်သည့် လယ်ယာမြေများအတွင်းဖြတ်သန်းခဲ့ရာ မြေယာလျော်ကြေး





ငွေ (၄၂.၅၂) ကျပ်သန်းကို ကျောက်ဆည်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ဇွန်လ ၂၁ ရက်နေ့၊ နံနက် ၉ နာရီက ကျောက်ဆည်မြို့နယ် မြေယာလျော်ကြေးပေးအပ်ရေးအဖွဲ့မှ တစ်ဆင့် တောင်သူတစ်ဦးချင်းစီသို့ အခမ်းအနားဖြင့် ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ကျောက်ဆည်မြို့နယ်မှ မြေယာလျော်ကြေးပေးအပ်ရေးအဖွဲ့ဝင်များ၊ စက်ရုံမှတာဝန်ရှိသူများ၊ သက်ဆိုင်ရာ တောင်သူများတက်ရောက်ခဲ့ကြသည်။


အလားတူ အမှတ် (၃၂) အကြီးစားစက်ရုံ (ကြံခင်း) ၏တိုးချဲ့ဆိပ်ကမ်းမြေတွင် တောင်သူ ၂ ဦး၏ ဂရန်အမည်ပေါက်မြေဧရိယာအချို့ပါဝင်သဖြင့် ဂရန်မြေ ၀.၅၃၄ ဧကအတွက် မြေယာလျော်ကြေးငွေ (၆.၉၄၂) ကျပ်သန်းကို ဇွန်လ ၁၂ ရက်နေ့က ကြံခင်းမြို့နယ် မြေယာလျော်ကြေးပေးအပ်ရေးအဖွဲ့မှတစ်ဆင့် မြေပိုင်ရှင်တောင်သူ ၂ ဦးအား တာဝန်ရှိသူများရှေ့မှောက်တွင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ (ပုံ)


THE WORLD NO ( 1)
POWER TRANSMISSION BRAND
OPTIBELT (GERMANY)
optibelt
Power Transmission
Made by Optibelt
AUTHORISED DISTRIBUTOR (Industrial)
mwt MIN WAI THIT INTERNATIONAL TRADING CO.LTD
NO 17 PAN CHAN STREET , SANCHAUNG TOWYANGON ,MYANMAR
Contact us : +95 1 510 490 , +95 9 7315 0528
Fax : + 95 1 535 720 Email: mmtmwt03@gmail.com


EVER RICH GROUP Co.,Ltd
ERG
EVER RICH GROUP Co.,Ltd စက်ရုံမှ တိုက်ရိုက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည်။
* ဂျီအိုင်ဟော်လိုပိုက် (GI Hollow Pipe)
* ကာလာသွပ်ပြား (Pre-painted GI Sheet)
* စီချန်နယ် ( C Channel)
* ယူဘင့် (I Beam, H Beam)
* ကြမ်းခင်းပြား (Floor Deck Sheet)
* အိုင်ဘင့် (U Beam) နှင့်
* အိုမီဂါ (Omega Channel)
* အခြားအိမ်ဆောက်ပစ္စည်းများ
Address


ALPINE
Purified Drinking Water
PROMISES PURITY

# အစဉ်အလာကောင်းများကို ထိန်းသိမ်းလျက်
# BPI ဆေးအစွမ်းထက်




60th BPI Anniversary 1957 - 2017

BPI Since 1957

**BPI အမှတ်တံဆိပ် ဆေးဝါးမျိုးစုံအားမည်သူမဆို လွတ်လပ်စွာဝယ်ယူနိုင်ပါပြီ။**







## နေပြည်တော်

- ပ-၈၆၊ပွဲရုံတန်း၊ **မြို့မဈေး**၊ဇမ္ဗူသီရိမြို့နယ်။ ၀၉-၇၉၇၉၂၉၃၃၇
- ဇေယျာနီလမ်း၊ *မင်းသီဟလက်ဖက်ရည်ဆိုင်အနီး*၊ဥတ္တရသီရိမြို့နယ်။ ၀၉-၂၅၀၈၂၄၁၁၅
- အဆောင်(၄၅)၊အခန်း(၁)၊ **စည်ပင်ဈေးရိပ်သာ(၂)**၊ဇမ္ဗူသီရိမြို့နယ်။ ၀၉-၂၅၀၀၉၁၅၄၄

## ရန်ကုန်

- အမှတ်(၅၅/၅၇)၊ **ဗိုလ်ဆွန်ပတ်အောက်လမ်း**၊ကျောက်တံတားမြို့နယ်။ ၀၉-၇၈၉၇၂၀၁၆၅
- အမှတ်(၅၆/၅၈/၆၀)၊ **ဝန်ဆိုးတန်းအောက်လမ်း**၊ကျောက်တံတားမြို့နယ်။ ၀၉-၅၁၅၇၃၇၈
- အမှတ်(၁၁၄၃/၁၁၄၆)၊သုမင်္ဂလာလမ်း၊ **တောင်ဥက္ကလာပမြို့နယ်**။ ၀၉-၄၃၂၀၀၂၀၂
- အနောက်ကြို့ကုန်း၊ BPI စက်ရုံရှေ့ **အင်းစိန်မြို့နယ်**။ ၀၉-၄၂၀၁၅၄၉၄၀
- ဝေဠုဝန်အိမ်ရာ၊တိုက်(၁၉)၊အခန်း(၄)၊ဗဟိုလမ်း၊ **စမ်းချောင်းမြို့နယ်**။ ၀၉-၇၉၃၀၈၇၇၇၈

## မန္တလေး

- ၂၂လမ်း၊လမ်း၈၀×၈၁လမ်းကြား၊ **အောင်မြေသာစံမြို့နယ်**။ ၀၉-၄၀၂၆၄၅၀၂၈

## စက်မှုကြီးကြပ်ရုံးများရှိ BPI ဆိုင်ခွဲများ

- မြစ်ကြီးနား
- ဟားခါး
- တောင်ကြီး
- မန္တလေး
- မုံရွာ
- အောင်လံ
- ပြည်
- ဘားအံ

## အမြို့မြို့အနယ်နယ်ရှိ Super Market အရောင်းစင်တာများ

- **City Mart** များ၏ ဆေးအရောင်းကောင်တာများ။ (၄၀)
- **Orange Center** များ၏ ဆေးအရောင်းကောင်တာများ။ (၁၂)

ပြည်သူ့ဆေးရုံကြီးများ / တပ်မတော်ဆေးရုံကြီးများ / အရောင်းစင်တာကြီးများ / လူမှုရေးအသင်းအဖွဲ့များ

သက်ဆိုင်ရာဆေးရုံအုပ်ကြီးများ၏ ထောက်ခံချက်နှင့်အတူ စက်မှုဝန်ကြီးဌာန / **BPI** သို့ တိုက်ရိုက် လျှောက်ထားဝယ်ယူနိုင်ကြပါပြီ။

**YGN - Hot Line : 01 646271 , NPT - Hot Line : 067 408149**

BPI ရန်ကုန်၊
ဆေးဝါးစက်ရုံလမ်း၊အင်းစိန်။
ဖုန်း-၀၁ ၆၄၆၂၇၁ ဖက်စ်-၀၁ ၆၄၆၂၈၅
email- aungzaw.dr@gmail.com

စက်မှုဝန်ကြီးဌာန၊မြန်မာ့ဆေးဝါးလုပ်ငန်း
ရုံးအမှတ်(၃၇)၊ဇေယျာနီလမ်း၊နေပြည်တော်။
ဖုန်း-၀၆၇ ၄၀၈၁၄၉ ဖက်စ်-၀၆၇ ၄၀၈၃၈၁
email - mpimarketing37@gmail.com